


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ခွေးနက်ကြီးတွေ မလာအောင်
# မသေခင်က ဝိပဿနာလုပ်ထားပါ

(၂၃၂)

ဟောကြားသည့်နေ့
၂၅ - ၃ - ၅၄

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏
## အမှာစာ

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောတော်မူသော သစ္စာလေးပါး တရားတော်များအနက် ၁၉၅၄ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း တရားတော်များကို၊ တိတ်ခွေကြီးများဖြင့် ကူးယူ သိမ်းဆည်းနိုင်ခဲ့ပါသည်။

(၂၅-၃-၅၄) ရက်နေ့ ဟောကြားတော်မူခဲ့သော ဤတရားတော်သည် အလွန်ရှေးကျသော တရားတော် တစ်ပုဒ် ဖြစ်ပါသည်။

ဤတရားတော်တွင် လူတိုင်းသေခါနီး၌ ကြုံတွေ့ တတ်သော လားရာဂတိများကို အသေအချာဟောတော်မူထား ပါသည်။

ဤတရားတော်တွင် သေခါနီးသွားရမည့်လမ်းကို သိနေသဖြင့် မသေခင်က ဝိပဿနာရှုထားကြဖို့ ဘုရားက မှာကြောင်း ဟောတော်မူထားပါသည်။

ဤတရားတော်တွင် ပြုံးသေသေနိုင်အောင် နိဗ္ဗာန်ကို ရောက်စေတဲ့ အကျင့်နှင့် ပတ်သတ်၍၊ အသေအချာ ဟောတော် မူထားပါသည်။

ဤတရားတော်တွင် တရားအားထုတ်နည်း၊ ရှုပုံရှုနည်းကို ဂဃနဏသင်ထားပြီး၊ မိုးကုတ်ဆရာတော်ဘုရားကြီးက၊ ဒကာ ဒကာမတို့ကို "ဒီလမ်းက လျှောက်စမ်းပါလို့" ဟောတော်မူထားပါသည်။

သူတော်ကောင်းရတနာ (၇) ပါးကိန်းနိုင်ကြပါစေ။

၂၂-၁၂-၂၀၀၂ အလုပ်အမှုဆောင်အဖွဲ့

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ခွေးနက်ကြီးတွေ မလာအောင် မသေခင်ကဝိပဿနာလုပ်ထားပါ

ဟောကြားသည့်နေ့ (၂၅-၃-၅၄)

ဒကာ ဒကာမတို့ တစ်ပါးသော ပုဂ္ဂိုလ်တွေကလည်း လမ်းမဆုံးတာတွေ သူ့ဉာဏ်ထဲ မြင်ပြန်တော့ သူတို့သွားရမယ့် လမ်းခရီးကလည်း အောက်သံသရာကြီးကို ကျင်လည်ကြရမယ် . . . (မှန်လှပါဘုရား)

## သေခါနီးမှရိပ်မိတယ်

အောက်သံသရာကြီး ကျင်လည်ရမှာလည်း သေခါနီးမှ

ရိပ်မိတယ်. . . (မှန်လှပါဘုရား)။ ရိပ်မိတဲ့အချိန်ကလည်း သေခါနီးမှ ရိပ်မိတယ်. . . (မှန်လှပါဘုရား)။

ရိပ်မိတဲ့ အချိန်ကလည်း သူ့မကယ်နိုင်၊ ငါ့မကယ်နိုင်ဆိုတဲ့ အခြေဆိုး အနေဆိုးနဲ့ ကြုံနေ . . . (မှန်လှပါဘုရား)။

အဲ့ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဇေတဝန်ကျောင်းတော်ကနေပြီး မှာရှာတယ်၊ အေး. . . မပေ့ါကြပါနဲ့၊ သမထ၊ ဝိပဿနာအလုပ်များကိုဖြင့်ကွာ လုံးဝလက်မလွှတ်ကြပါနဲ့၊ မင်းတို့အတွက် စိတ်မအေးစရာတွေက အလွန်များတယ်။

## မင်းတို့ကိုယ်တိုင်ကြုံရလိမ့်မယ်

မင်းတို့ကတော့ မင်းတို့မျက်လုံးကလေးနဲ့ သာမညကြည့်ပြီးကိစ္စမရှိတန်ဘူးလို့ ထင်ရတယ်။ သို့သော် မင်းတို့ ကိုယ်တိုင်ကြီးကျယ်သော ကိစ္စနဲ့ ကြုံရလိမ့်မယ်. . . (မှန်လှပါဘုရား)။

ဒါ့ကြောင့် ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သင်တို့အား အလွန့်အလွန် ရာဟုလာသားနှင့် မခြားဘဲနဲ့ထားနိုင်တဲ့ စိတ်ရှိသောကြောင့် သင်တို့ကို သနားတဲ့အတွက် ဒီဝိပဿနာအလုပ်ကြီးကိုဖြင့် ရှုကြပါ၊ ရှုကြပါ။

နိဗ္ဗာန်နဲ့ လျောက်ပတ်တဲ့ အကျင့်တွေကိုလည်း နိဗ္ဗာန်ရောက်ကြောင်းအကျင့်၊ နိဗ္ဗာန်နဲ့ လျော်တဲ့အကျင့်တွေကိုလည်း ငါပြောပါ့မယ်. . . (မှန်လှပါဘုရား)။

## ဘုရားက ကရုဏာပြင်းပြပါတယ်

မင်းတို့၏ ဖြစ်စဉ်ကြီးကဖြင့် နေပုံထိုင်ပုံ အားလုံးကို ခြုံပြီး ပြောလိုက်တဲ့ အခါကျလို့ရှိရင် အတော်ကိုပဲ ကိုယ်တော်မြတ်ကြီး ဉာဏ်ထဲမှာ ကရုဏာပြင်းပြပါတယ်. . . (မှန်လှပါဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက **"ဈာယထဘိက္ခဝေ မာပမာဒတ္ထ၊ မာပစ္ဆာဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံဝေါ အမှာကံ အနုသာသနီ"** လို့ **နဝဘူသနဝဂ်မှာ** ဟောပြန်တယ်. . . (မှန်လှပါဘုရား)။

နိဗ္ဗာန်လမ်းက မင်းကိုယ်တိုင်သိပြီး သကာလ၊ မင်းသည် ကားလို့ဆိုရင် အမှားကြီးမှားခဲ့ပေါ့၊ အမှားဂတိသွားရာဆိုတဲ့ လမ်းခရီး၊ အပါယ်လေးဘုံတည်းဟူသော လမ်းက မင်းမရှောင်သာဘူး။

## လူမိုက်နောက်မှ အကြံရ မဖြစ်စေနဲ့

မင့်သား မကယ်ဘူး၊ မင့်သမီး မကယ်ဘူး၊ မင့်ပစ္စည်း မကယ်ဘူး. . . (မှန်ပါဘုရား)။ မင်းတို့ ဆရာတွေ မကယ်နိုင်ဘူး၊ မင်းလုပ်မှ မင်းရမှာ . . . (မှန်ပါဘုရား)။

အဲ့ဒီကဲ့သို့ ကိုယ်တော်မြတ်ကြီးက မှာရှာတယ်. . . (မှန်လှပါဘုရား)။ အဲ့ဒီ အချိန်ကျမှ ငါမှားခဲ့ပြီဆိုပြီး လုပ်နေလို့ရှိရင်လည်း မင်းတို့ **"လူမိုက်နောက်မှ အကြံရ"** ဆိုသလို မင်းတို့ ဖြစ်မယ်တဲ့ . . . (မှန်ပါဘုရား)။

## ဆရာကောင်းကြဲ့တုန်းမင်္ဂလာရှိအောင်လုပ်လိုက်

ယခုလို ကျန်းမာ၊ ယခုလို ဆရာကောင်း သမားကောင်း ကြုံ၊ ယခုလို အခွင့်ကောင်း အခါကောင်း ကြုံတုန်း မြန်မြန် ကလေး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အအေးဓာတ်ကလေး ရအောင် လုပ်လိုက်။

ဒီလို လုပ်ထားမှသာလျှင် မင်းတို့ စိတ်အချကြီး ချပြီး သကာလ၊ ခုနက သေခါနီးမှ မကောင်းတဲ့ နိမိတ်တွေ မထင် လာမှာ။

## ကယ်မည့်သူမရှိဘူး

နို့မဟုတ်ရင် မင်းတို့ ကိုယ်တိုင် မကောင်းတဲ့ နိမိတ်တွေ ထင်ပြီဆိုမှဖြင့် မင်းတို့ကို ဘယ်သူမှ ကယ်မည့်သူ၊ ယူမည့်သူ မရှိဘူး။

သားလင်၊ ခင်ပွန်း၊ သားသမီးတွေကလည်း အနားရှိပြီး သကာလ သူတို့လည်း မမြင်ရဘူး၊ မင်းတစ်ယောက်တည်း မြင်ပြီး မင်းတစ်ယောက်တည်း ရင်ထု၊ မြေလူး၊ မျက်ရည်ကြီးငယ်ကျပြီး သကာလ မျက်နှာညှိုးငယ်စွာနဲ့ မရဏမင်းနောက်လိုက်ပြီး အပါယ်လေးရွာ ရောက်ရလိမ့်မယ်. . . (မှန်ပါဘုရား)။

ဒါကြောင့် မင်းတို့သည် ကားလို့ဆိုရင် ယခုလို အချိန် ကောင်းတုန်းက ဝိပဿနာအလုပ်ကို ဈာယထ မြန်မြန်ကြီး

ရှုလိုက်ပါလော့၊ မာပမာ ဒတ္ထ - သားရေး၊ သမီးရေး၊ စီးပွားရေး ကြောင့် မေ့လျော့ပြီး မနေလိုက်ပါနဲ့။

ပြီးတော့. . . ဒကာ ဒကာမတွေ ဘုန်းကြီးမှာတာထက် ပြင်းထန်တယ်. . . (ပြင်းထန်ပါတယ်ဘုရား)။ ဘုန်းကြီးမှာတာ ထက် ပြင်းထန်တယ် ဒကာ ဒကာမတို့ ဘုရားမှာတော်မူတာက . . . (မှန်လှပါဘုရား)။

## ခင်ဗျားတို့လုပ်နေတာအချိုးမကျလို့

အဲဒီတော့ သာမည အရေးကြုံလို့၊ သာမညကိစ္စမို့ မှာတာ မဟုတ်ဘူး. . . (မှန်လှပါဘုရား)။ သာမညကိစ္စမို့ မှာတာ မဟုတ်ဘူး ဒကာ ဒကာမတို့၊ ခင်ဗျားတို့ လုပ်နေတာ အချိုးမကျလို့ကို သာဝတ္ထိ ကျောင်းတော်ကနေပြီး တရားအဆုံး မှာ မှာတော်မူပါတယ်. . . (မှန်ပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ ဒီတရားနာလာကြတဲ့ ဒကာ ဒကာမတွေ ကိုယ့်ကိုယ်ကို သနားလို့ တရားနာကြတာ မှန်ပါတယ်၊ ကိုယ်သွားရမယ့် လမ်းခရီးကလေး ဖြောင့်ချင်လို့ လာကြတာပါပဲတဲ့။

သို့သော်လည်း ဒကာ ဒကာမတွေက ကိုယ့်အိမ်၊ ကိုယ့်ရာ ရောက်သွားတဲ့အခါကျလို့ရှိရင် ဘာမှ အသုံးမကျတဲ့ ဟုတ်လား ကိစ္စတွေနဲ့ အချိန်ကုန်ပြီးသကာလ၊ တစ်နေ့သော် လည်း စားဖို့ သောက်ဖို့. . . (မှန်လှပါဘုရား)။

## တစ်နေ့သော်လည်း ဝတ်ဖို့ စားဖို့

တစ်နေ့သော်လည်း ဝတ်ဖို့စားဖို့ . . . (မှန်လှပါဘုရား) ဟောဒီ-သေရာပါမှာ မဟုတ်ဘူး. . . (မှန်လှပါဘုရား)။ ဒါတွေ ခင်ဗျားတို့ အချိန်အလွဲသုံးစား မလုပ်ပါနဲ့. . . (မှန်လှပါဘုရား)။

ဒါတွေသည် ကားလို့ဆိုရင် ခင်ဗျားတို့အား ဘဝသံသရာက လုပ်ခဲ့တဲ့အလုပ်တွေပါ. . . (မှန်လှပါဘုရား)၊ ဒါတွေဟာ မလုပ်ရင် မပြီးတဲ့ အလုပ်မဟုတ်ပါဘူး. . . (မှန်လှပါဘုရား)။ မလုပ်ဘဲနေရင်လည်း ရတဲ့အလုပ်တွေ. . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား။

အရေးကြီးတဲ့ အလုပ်သာ ခင်ဗျားတို့ ကိုယ်တိုင်လုပ်ပါ ဆိုတာ ဘုရားက မှာတော်မူတယ်. . . (မှန်ပါဘုရား)။

ဘာတုံးဆိုလို့ရှိရင် **ဈာယတဘိက္ခဝေ မာပမာဒတ္ထ၊ ဘိက္ခဝေ၊** ငါ၏ချစ်သားတပည့်များတို့၊ ဈာယထ-ယခုလို အခါကောင်း ကိလေသာ အမှိုက်သရိုက်တွေကို ဝိပဿနာမီးနဲ့ ရှို့မြိုက်လိုက်ကြကွ၊ ယခုကနေပြီး မြန်မြန် ရှို့ပစ်လိုက်တဲ့၊ ကိလေသာမီးတွေ အကုန်ခြောက်ခန်းသွားလိမ့်မယ်တဲ့. . . (မှန်လှပါဘုရား)။

## ကိလေသာမခြောက်ခန်းရင်

သူမခြောက်ခန်းလို့ရှိရင် မင်းတို့ သေခါနီးကျလို့ရှိရင်ဖြင့်

သူတို့ဆွဲသလို၊ သူတို့က နိမိတ်တွေ ပြလိမ့်မယ်တဲ့. . . (မှန်လှပါဘုရား)။

တို့ ကိလေသာတွေကို ဝိပဿနာတည်းဟူသော ဉာဏ်နဲ့ မရှို့ပဲနဲ့ မင်းသည်ကားလို့ဆိုရင် တော်အောင်နေ၊ တော်အောင် သွား၊ တော်အောင်စား၊ သားကိစ္စ၊ သမီးကိစ္စ၊ ပစ္စည်းကိစ္စနဲ့ မင်းအချိန်ကုန်၊ အဲဒီတော့ မင်းလာရင် ဟောဒီမှာ သွားပေတော့ ဆိုပြီး သကာလ သေခါနီးမှာ၊ အသက်မထွက်ခင် (ဝါ) ထွက်သက် ဝင်သက် မချုပ်ခင် ဦးလှဘူးရေ . . . စိတ်ထဲ မြင်လာတယ်. . . (မှန်လှပါဘုရား)။

## သေခါနီးမှာ ခွေးနက်ကြီးတွေ

ဘယ်လို မြင်လာသတုံးဆိုလို့ရှိရင် တစ်ခါတည်းခွေးနက်ကြီးတွေက ကိုယ့်ဆွဲမလို့လာတာမြင်လာတယ်. . . (မှန်လှပါဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်သူမှ မမြင်ဘူးနော်. . . (မှန်လှပါဘုရား)။ ဘယ်သူမှ မမြင်ဘူး၊ ခုနက အလကားနေပြီး ဝိပဿနာ မရှုတဲ့ပုဂ္ဂိုလ်၊ သားရေး၊ သမီးရေး၊ စီးပွားရေးတွေနဲ့ အချိန်ကုန်ပြီးသကာလ လူပေါ်လူဇော် လုပ်လာတဲ့ပုဂ္ဂိုလ်တွေပေါ့ဗျာ. . . (မှန်လှပါဘုရား)။

အဲဒီပုဂ္ဂိုလ်တွေကတော့ မြင်ရပြီပေါ့ဗျာ. . . (မြင်ရပါတယ်ဘုရား)။ ဩော်. . . ငါဖြင့် ခွေးနက်ကြီးတွေ လာပြီ၊ ခွေးနက်ကြီးတွေလာပြီ၊ ခွေးနက်ကြီးတွေလာကတည်းကိုက ငါသည် ငရဲသွားရတော့မှာပဲဆိုတော့၊ ငရဲကလာတဲ့ ခွေးနက်ကြီးကိုဗျ. . . (မှန်လှပါဘုရား)။

## ကိုယ်တစ်ယောက်တည်းမြင်ရတယ်

သားလည်းမကယ်နိုင်၊ သမီးလည်းမကယ်နိုင်၊ ကိုယ်တစ်ယောက်တည်း မြင်ရတယ်. . . (မှန်လှပါဘုရား)။ ခွေးနက်ကြီးကလည်း ကိုက်စားတော့မလို့၊ ဆွဲတော့မလို့. . . (မှန်လှပါဘုရား)။

ကိုင်း. . . ဒကာ ဒကာမတို့ ခင်ဗျားတို့ ရှာထားတဲ့ပစ္စည်း၊ ခင်ဗျားတို့ အားကိုးထားတဲ့ ခင်ပွန်း၊ သား၊ သမီး၊ ဘယ်သူမြင်သေးသတုံး. . . (ဘယ်သူမှ မမြင်ပါဘူးဘုရား)။ ကိုယ်တစ်ယောက်တည်းဗျာ. . . (မှန်ပါဘုရား)။

ပြောလို့ကော ယုံနိုင်စရာရှိရဲ့လား . . (မရှိပါဘူးဘုရား)။ ပြောချိန်ကော ရရဲ့လား. . . (မရပါဘူးဘုရား)။ ပြောချိန်လည်း မရ၊ ပြောလို့လည်း ယုံနိုင်စရာမရှိ. . . (မှန်လှပါဘုရား)။ ကိုယ့်အလုပ်က ကိုယ့်ပြနေပြီ. . . (မှန်လှပါဘုရား)။

သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ အချိန်ကုန်ပြီး သကာလ ဒီအထဲမှာ ဒီအလုပ်တွေလုပ်ပြီး သကာလနေတာနဲ့ပဲ၊ လူချင်းတူ

တူ သူချင်းမျှမျှ၊ တိုက်နဲ့၊ တာနဲ့၊ မော်တော်ကားနဲ့၊ စိန်နဲ့ ရွှေနဲ့ နေချင်တာနဲ့ အချိန်ကုန်သွားတယ်လို့ ဆိုကြပါတော့ . . . (မှန်လှပါဘုရား)။

## ဝိပဿနာဉာဏ်ကမှ နိုင်တယ်

အဲဒီတော့ သေခါနီး ခွေးနက်ကြီး နိမိတ်က ထင်လာ . . . (မှန်လှပါဘုရား)။ ခွေးနက်ကြီး နိမိတ်က ထင်လာလို့ ခင်ဗျားတို့ ပြုထားတဲ့ ဒါန၊ ခင်ဗျားတို့ ဆောက်တည်ထားတဲ့ သီလကလည်း ဝမ်းထဲကိလေသာ သေအောင်မလုပ်နိုင်. . . (မှန်လှပါဘုရား)။ ခက်လိုက်တာက။

ဝမ်းထဲ ကိလေသာကလည်း ဝိပဿနာဉာဏ်ကမှ သူ့သေအောင်၊ သတ်အောင်၊ ဖြတ်အောင်၊ ပြတ်အောင်လုပ် နိုင်တယ်. . . (မှန်လှပါဘုရား)။

အဲဒီတော့ ဒါတွေကလည်း ဖြုန်းခနဲ့ မသေတော့၊ ကိလေသာ၏ အရှိန်အစော် အာနုဘော်တွေကြောင့် ခွေးနက်ကြီးတွေက လာပြီ. . . (မှန်လှပါဘုရား)။

အဲဒီအချိန်ကျတော့ ဘယ်သူမြင်ရသလဲဆိုတော့ သေမယ့်သူ တစ်ယောက်တည်း မြင်ရတယ်. . . (မှန်လှပါ ဘုရား)။ ဒကာ ဒကာမတို့ ဘယ်သူမြင်ရသတုံး. . . (သေမယ့် သူ တစ်ယောက်တည်း မြင်ရပါတယ်ဘုရား)။

## ကိုယ်ကျိုးနည်းပြီ

သေမယ့်သူ တစ်ယောက်တည်း မြင်ရတယ်ဆိုတော့ အဲ. . . ငါကြာခဲ့ပါပြီ၊ ငါ့ သားလင်၊ ခင်ပွန်းကိစ္စနဲ့ အချိန်ကုန်ခဲ့တာတွေ၊ ငါ့သမီး၊ ငါ့မြေး ကိစ္စတွေနဲ့ အချိန်ကုန်ခဲ့တာတွေဖြင့် အမှားကြီးမှားလို့ ခု ငါသွားဖို့ရာ တစ်ယောက်တည်း ခိုကိုးရာမဲ့ ဖြစ်ပါပေါ့လား. . . (မှန်လှပါဘုရား)။ ကိုယ်ကျိုးကြီး နည်းပါပေါ့ လား၊ ဒီထက်နည်းတာမရှိတော့ပါဘူးဆိုပြီး မျက်ရည်ကျတယ် . . . (မှန်လှပါဘုရား)။

မျက်ရည်ကျပြီး သေတာပဲ. . . (မှန်လှပါဘုရား)။ ဘယ်သူမှ မကယ်နိုင်ဘူး. . . (ဘယ်သူမှ မကယ်နိုင်ပါဘုရား)။ မကယ်နိုင်ဘူး ဒကာ ဒကာမတို့၊ အဲဒါကလည်း ခင်ဗျားတို့က မသေဘဲနေမှာ မဟုတ်ဘူး. . . (မှန်ပါတယ်ဘုရား)။

သေမယ့်သူတွေချည့်ပဲ၊ အကုန်လုံး၊ ခန္ဓာငါးပါးရှိခြင်း ကြောင့်. . . (သေကြရမှာပါဘုရား)။ သေကြတဲ့အခါကျတော့၊ ခုလို ဆရာဘုန်းကြီးဆုံးမတဲ့ ဝိပဿနာအလုပ်ကို ဟုတ်လား၊ တစ်ခါတည်း ကိလေသာတွေ သေပြီးသကာလ ငြိမ်းချမ်းရေး ဆိုတဲ့ နိဗ္ဗာန်ကြီးကို မြင်ထင်ပြီးသကာလ ရအောင်ကို မြန်မြန် လုပ်ထားလိုက်. . . (မှန်လှပါဘုရား)။

ခင်ဗျားတို့ စိတ်မချစရာအကွက်က ခွေးနက်ကြီးတွေ လာစရာ ရှိသေးတယ်. . . (မှန်လှပါဘုရား)။ ကိလေသာ မသေရင် လာမယ်လေ. . . (လာမှာပါဘုရား)။

## ငါအမှားကြီးမှားလို့ ဒုက္ခရောက်ပြီ

အဲဒီ ခွေးနက်ကြီး လာလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ မှတ်ကြပေတော့ ငါအမှားကြီးမှားလို့ဖြင့် အကြီးအကျယ် ဒုက္ခရောက်ဖို့ သေချာပါပေါ့လားဆိုပြီး သေမယ့်ပုဂ္ဂိုလ်က အကြီးအကျယ် ဝမ်းနည်းတာပဲ. . . (မှန်ပါဘုရား)။ ဇောချွေးတွေကို ပြန်လာတာပဲ. . . (မှန်လှပါဘုရား)။

ဇောချွေးတွေ ပြန်လာတယ် ဒကာ ဒကာမတို့၊ ဒီလောက်ထိအောင် ကြောက်ပစ်လိုက်တယ်ဆိုတာလည်း မပြောနဲ့တော့ . . . (မှန်လှပါဘုရား)။

## ပြင်လို့မရတော့ဘူး

သတိကလည်း အဲဒီ့အချိန်ရတယ်. . . (မှန်လှပါဘုရား)။ ငါမှားခဲ့ပြီလို့ သတိရတယ်၊ ပြင်လို့မရတော့ဘူး. . . (မှန်လှပါဘုရား)။ မှားခဲ့ပြီလို့သာ သတိရတာ ဦးလှဘူးရ. . . (မှန်လှပါဘုရား)။ ပြင်ဖို့ဆင်ဖို့ အချိန်ကျန်သေးသလား. . . (မကျန်ပါဘူးဘုရား)။

ဒါပြီးရင် ထွက်သက်ထွက်ပြီး ချုပ်တော့တာ. . . (မှန်လှပါဘုရား)။ အဲ့ဒါကြောင့် ဒကာ ဒကာမတို့ ဘုန်းကြီးမှာတယ်၊ ဘုရားမှာတယ်ဆိုတာသည် ပညာရှိတွေက မှာတာဖြစ်ပြီး သကာလနေသောကြောင့် ခင်ဗျားတို့က ပြုံးမနေနဲ့ . . . (မှန်လှပါဘုရား)။

## ပြုံးမနေနဲ့ ကိုယ့်အရေးကိုယ်သိ

ပြုံးမနေနဲ့၊ သားကိစ္စ၊ သမီးကိစ္စတွေနဲ့ အချိန်ကို အလွဲသုံးစား မလုပ်နဲ့. . . (မှန်လှပါဘုရား)။ ကိုယ့်အရေးကိုယ် သိတယ်. . . (မှန်လှပါဘုရား)။

အဲဒီအချိန်ကျမှ ကိုယ့်အရေးကိုယ်သိနေလို့ ဆရာလည်း မကယ်နိုင်ဘူး. . . (မှန်လှပါဘုရား)။ ခင်ဗျားတို့ သားလင် ခင်ပွန်းတွေကော. . . (မကယ်နိုင်ပါဘူးဘုရား)။

ခင်ဗျားတို့ မအိုဘူး၊ အနာဘူး၊ မသေဘူး ထင်ပြီး ရှာထားတဲ့ အိုးစာမင်းစာတွေကကော့. . . (မကယ်နိုင်ပါဘူး ဘုရား)။ အဲဒီ မကယ်နိုင်တော့ဘူး ဒကာ ဒကာမတွေ . . . (မှန်လှပါဘုရား)။

အဲဒီကျတော့ သေမယ့်ပုဂ္ဂိုလ်က ဩော်. . . တစ်ဘဝ ဖြင့် အရှုံးကြီး ရှုံးပြီး၊ အဆုံးကြီးဆုံးပြီး သကာလ သွားရတော့ မယ့် ခရီးကလည်း လမ်းကနည်းနည်းမှ မသာ. . . အပါယ်သွား ရမှာကိုး. . . (မှန်လှပါဘုရား)။

အဒီ အချိန်ကျမှ ဒကာ ဒကာမတွေ မျက်ရည်တွေက ကျ၊ ဇောချွေးတွေပြန်၊ အကျောတွေကလိမ်. . . (မှန်လှပါ ဘုရား)။ ဟုတ်လား၊ အဲဒီလို ဖြစ်လာတော့ ဘေးကပုဂ္ဂိုလ်တွေက အင်း ဘာဖြစ်ပါလိမ့်မတုံး၊ ဘာများအကြောင်းထူးပါလိမ့်မတုံး၊ မိမိတို့ ကုသိုလ်လေးတွေ ရှိသားပဲ၊ မိမိတို့ပြုထားတဲ့ ကျောင်း

ဆောက် ဘုရားတည်ထားတာတွေ ကိုယ်က ကြားချိန်ကို မရှိဘူး. . . (မှန်လှပါဘုရား)။

ကြားပြန်လည်း သူက လန့်လိုက်သေးတယ်. . . (မှန်လှပါဘုရား)။ ငါ့သေမှာကြောင့် ပြောတာပဲဆိုပြီး ဝမ်းနည်းလိုက်သေးတယ်. . . (မှန်လှပါဘုရား)။

## ဒေါသဇောနဲ့သေရင်

ကဲ. . . ကောင်းတာပါသေးရဲ့လား. . . (မပါပါဘုရား)။ အဲဒီတော့ ဝမ်းထဲ ဒေါသဇောနဲ့သေ၊ ဒေါသဇောနဲ့သေတဲ့အခါ ခုနက တိရစ္ဆာန်ဘုံနဲ့ ငရဲရောက်. . . (မှန်လှပါဘုရား)။

## လောဘဇောနဲ့သေရင်

လောဘဇောနဲ့ ခင်ရက်တန်းလန်းနဲ့ မစွန့်နိုင်ဘဲနဲ့ ဝမ်းနည်းပြီး သေသွားပြန်တော့၊ သားလေးနဲ့ ခွဲရတော့မယ်၊ သမီးလေးနဲ့ ခွဲရတော့မယ်၊ အင်မတန် အဖိုးထိုက်တန်တဲ့ ကိုယ်မွေးကတည်းက မစားရက်တဲ့ ပစ္စည်းကလေးနဲ့ ခွဲရတော့မယ်ဆိုတော့ တစ်ခါလောဘဇောနဲ့ သေပြန်တော့ ပြိတ္တာဘုံသွား . . . (မှန်လှပါဘုရား)။

ဒေါသဇောနဲ့သေတော့ တိရစ္ဆာန်ဘုံနဲ့ ငရဲသွား. . . (မှန်လှပါဘုရား)။ ကိုင်း. . . ဒကာ ဒကာမတို့ အဲဒါ သေခါနီးမှာ

မသေခင်ကပဲ တစ်ခါတည်း ပြိတ္တာဘုံသွားမယ်ဆိုရင် ချောက်ကြီးတွေ၊ တောကြီးတွေ၊ တောင်ကြီးတွေများ ထင်လာလိုက်တဲ့ဖြစ်ခြင်း။

## ကိုယ်သွားရမည့်လမ်းသိနေတယ်

ဘယ်သူ့မှလည်း ပြစရာမရှိဘူး. . . (မှန်လှပါဘုရား)။ ပြလို့လည်း ကယ်မယ့်သူ၊ ယူမယ့်သူ မပေါ်လာ. . . (မှန်လှပါဘုရား)။ ကိုယ်သွားရမယ့်လမ်း၊ ကိုယ့်အကြောင်း ကိုယ်ကောင်းကောင်းသိနေတာပဲ ရှိတယ်. . . (မှန်လှပါဘုရား)။

အဲဒီကျတော့ ခုနက ဇောချွေးတွေ ပြန်လို့ပေါ့ဗျာ . . . (မှန်လှပါဘုရား)။ မျက်ရည်တွေကလည်း တတွေတွေစီးလို့၊ မျက်ရည်တွေ တတွေတွေစီးပြီးနေတုန်းမှာ. . . အင်း. . . ဆိုပြီး သက်ာလအသက်ထွက်တယ်. . . (မှန်လှပါဘုရား)။

ဝိညာဉ်ချုပ်တယ်၊ ချုပ်သည်နှင့်တစ်ပြိုင်နက်တည်း အဲဒီ ပြိတ္တာဘုံသွားလိုက်တာပဲ. . . (မှန်လှပါဘုရား)။ ပြိတ္တာဖြစ်တဲ့ အချိန်ကစပြီး ငတ်လိုက်တဲ့ဖြစ်ခြင်း၊ ဘယ်တော့များ၊ ငါ့အမျှ ဝေပါ့မတုံး. . . (မှန်လှပါဘုရား)။

## အမျှကလေးများဝေကောင်းပါရဲ့

ဘယ်သောအခါမှ ငါ့သား၊ ငါ့သမီးတွေက ငါ့ကို သတိကလေးရပြီး သပိတ်သွတ်ပါ့မတုံး. . . (မှန်လှပါဘုရား)။ အမျှကလေးများ ဝေကောင်းပါရဲ့ ဟိုက တောင်းတနေရတယ် . . . (မှန်ပါဘုရား)။

တောင့်တပြီးနေငြားသော်လည်း ဒီက ဘာမှ မလုပ်နိုင်ဘူး၊ ဒီက အပေကြီးပေနေကြတာကိုး၊ အပေကြီးပေနေတော့ စေတနာကောင်းနဲ့ လှူတဲ့ အလှူကောဟုတ်ရဲ့လား. . . (မဟုတ်ပါဘူးဘုရား)။

## မတတ်သာလို့လှူတဲ့အလှူ

မတတ်သာလို့ လှူတဲ့အလှူ. . . (မှန်လှပါဘုရား)။ သူတို့ စေတနာက စေတနာကောင်းကမဟုတ်. . . (မှန်လှပါဘုရား)။ စေတနာကောင်းက မဟုတ်တော့ အမျှပင်ဝေငြားသော်လည်း ဒီက ဒေါသနဲ့ဝေတယ်. . . (မှန်လှပါဘုရား)။

သနားလို့ ဝေတာလား. . . (မဟုတ်ပါဘူးဘုရား)။ ဒေါသနဲ့ဝေတာ၊ ဖြစ်မှဖြစ်ရလေတယ်၊ တို့အိမ်ကလူများ ပြိတ္တာကြီးဖြစ်နေလို့ရှိရင်ဖြင့် သနားပါတယ်လို့ မလာဘူး. . . (မလာပါဘူးဘုရား)။ ထုံးစံပဲမို့လို့ သပိတ်သွတ်လိုက်တယ်. . . (မှန်လှပါဘုရား)။

## မျက်ရည်နဲ့အမျှဝေတယ်

ဒီကလည်း အမျှယူပါလို့ပေးတဲ့ ပုဂ္ဂိုလ်က စေတနာကောင်းနဲ့လား၊ မျက်ရည်နဲ့ပေးတာလား. . . (မျက်ရည်နဲ့ပေးတာပါဘုရား)။ ဘယ်ရောက်လိမ့်မတုံးဗျ၊ ရောက်စရာကောမြင်ရဲ့လား. . . (မမြင်ပါဘူးဘုရား)။

အဲ့ဒါတွေ ဘုန်းကြီးများက သေသေချာချာ ဒီလိုကိစ္စတွေကလည်း ခဏ ခဏဆုံ. . . (မှန်လှပါဘုရား)။ ဒီလိုသေတာတွေ ခဏခဏမြင်ရ. . . (မှန်လှပါဘုရား)။ ဘုရားမှာတော်မူတယ်ဆိုတဲ့ဥစ္စာသည် ဩော်. . . ဒါကြောင့် မှာပေတာပဲတဲ့။

တို့ဒကာ ဒကာမတွေ ဘုရားမှာတဲ့အတိုင်း တို့သည်ကား လို့ဆိုရင် တဆင့်ပြောဦးမှ၊ မပြောရင် သူတို့ပေါ့ပုံနဲ့ဖြင့် သူတို့ နိမိတ်နဲ့သူတို့ အဲဒီအခါကျတော့မှ မျက်ရည်တွေကျ၊ ဇောချွေး တွေ ပြန်ပြီးသကာလ၊ အမှားကြီး မှားခဲ့ပြီဆိုတော့၊ ဆယ်မရ၊ ကယ်မရတဲ့အချိန်မှ အမှားကြီး မှားပြီဆိုလို့ရှိရင်လည်း ဘာအသုံး ကျသတုံး. . . (မကျပါဘူးဘုရား)။

## ဆရာနှင့် ကြုံတုန်းအလုပ်လုပ်ကြပါ

အဲ့ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "**ဈာယထဘိက္ခဝေ မာပမာဒတ္ထ**" **ဘိက္ခဝေ** - ငါ၏ ချစ်သား တပည့်များကို ဣဓမေ - ယခုအသက်ရှင်စဉ်အခါ၊ ကျန်းမာခြင်း၊

ချမ်းသာခြင်း၊ ဆရာသမားတွေ့စဉ်အခါက၊ ဈာယထ-ဝိပဿနာ တည်းဟူသော အလုပ်တရားဖြင့် ဟုတ်လား၊ ဝေဒနာ၊ သညာ၊ ရုပ်ခန္ဓာတို့ကို ရှုလိုက်ကြကုန်လော. . . မပမာဒတ္တ-ငယ်စဉ်မှာ မမေ့လိုက်နဲ့။

ဒီအလုပ်သာ ခင်ဗျားတို့ ကိုးစားရာ၊ အားထားရာ အစစ် . . . (မှန်လှပါဘုရား)။ ဒီအလုပ်မေ့လိုက်ရင် ဘာဖြစ်မှာတုံး ဘုရားဆိုတော့ အို. . . သေခါနီး နိမိတ်ထင်လာလိမ့်မယ်ကွတဲ့ . . . (မှန်လှပါဘုရား)။

သေခါနီးကျလာတဲ့အခါ မင်းတို့သည် တောနိမိတ်၊ တောင်နိမိတ်၊ ငရဲမီးလျှံနိမိတ်တွေ မင်းတို့မြင်လာတော့မှ ငါမှားခဲ့ပြီဆိုလို့ အလကားပေါ့ကွ။

## မသေခင်က ဝိပဿနာလုပ်ကြပါ

ဒါကြောင့် ငါမှာတဲ့စကားသည် မသေခင်က အလုပ်၊ သေခါနီးမှ မှားခဲ့ပြီ မလုပ်ပါနဲ့. . . (မှန်လှပါဘုရား)။ ဒါပဲ စကားနှစ်ခွန်းနဲ့ မသေခင်က ဝိပဿနာ အလုပ်ကိုလုပ်၊ သေခါနီးမှ မှားခဲ့ပြီလို့ မလုပ်ပါနဲ့. . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား. . . (မှန်လှပါဘုရား)။

သေခါနီးမှလည်း မှားပြီလို့ သိလည်းသိ၊ သေလည်းသေ . . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဒါကြောင့် ယနေ့မှာတဲ့ အလုပ်သည် ဘုရားမှာတော် မူတာက မသေခင်က ဘာလုပ်ရမှာတုံး. . . (ဝိပဿနာလုပ်ရမှာ ပါဘုရား)။ သေခါနီးမှ မှားခဲ့ပြီဆိုတဲ့ အလုပ်ကိုတော့. . . (မလုပ် ရပါဘူးဘုရား)။

အဲဒီ လုပ်နေရင်လည်း အလကားပဲတဲ့၊ ငါဘုရားလည်း မကယ်နိုင်၊ မင်းတို့ကိုးစားအားထားတဲ့ ဆရားသမားတွေလည်း မကယ်နိုင်၊ မင်းတို့ဆောက်ထားတဲ့ ကျောင်းတွေ၊ ကန်တွေ၊ ဘုရားတွေကကော. . . (မကယ်နိုင်ပါဘူးဘုရား)။

မကယ်နိုင်ဘူးကွတဲ့၊ ကိလေသာက မသေတော့၊ ကိလေသာ စီမံသလို လိုက်ရမယ်လို့ မနေ့က တရားဟောခဲ့တယ် . . . (မှန်လှပါဘုရား)။

မင်းတို့ ကိလေသာသည်ကားလို့ ဆိုလို့ရှိရင် လောဘဆို တဲ့ ကိလေသာက ဝမ်းထဲရောက်လာတော့ သူအတွင်း လူ သခင် ဖြစ်တယ်လို့ ပြောတယ်. . . (မှန်လှပါဘုရား)။

## အကုသိုလ်ဆရာကစီမံတယ်

ဝမ်းထဲရောက်တော့ သူက စီမံလိုက်တော့ ဆရားဖြစ်ပြန် တယ်. . . (မှန်လှပါဘုရား)။ ဝမ်းထဲလာတုန်းက တပည့်နော် . . . (မှန်လှပါဘုရား)။

ဝမ်းထဲရောက်ပြီဆိုမှဖြင့် ဒီပုဂ္ဂိုလ်အပါယ်သွားလို့ စီမံတာက ဘယ်သူက စီမံတာတုံး. . . (ဆရာက စီမံတာပါဘုရား)။ ဆရာဖြစ်သွားတဲ့ အကုသိုလ်က မစီမံဘူးလား. . . (စီမံပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ တပည့်ဆရာလွတ်အောင် လုပ်ဆိုတဲ့ တရားနဲ့၊ ဒီတရားနဲ့ဟာ နံပါတ်အတူတူပဲတဲ့ တစ်နံပါတ်နဲ့ နှစ်နံပါတ်ပဲကွာတယ်. . . (မှန်လှပါဘုရား)။

သံယုတ်ပါဠိတော်မှာ ဒီအတိုင်းဟောတယ်. . . (မှန်လှပါဘုရား)။ အဲ့ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ယနေ့ပြောဆိုနေတဲ့ စကားသည် တော်တော်ကို အရေးကြီးလို့ မှာနေတာပါလားဆိုတာသည် ဒကာ ဒကာမတို့ ထိပ်သံမှိုစွဲသလို မှတ်ဖို့ကောင်းတယ်. . . (မှန်လှပါဘုရား)။

## အချိန်အအားမပေးပါနဲ့

ဒါဖြင့် အလုပ်နှစ်လုပ်ပေါ့ဗျာ. . . (မှန်လှပါဘုရား)။ မသေခင်က ဝိပဿနာအလုပ်ကိုလုပ်. . . (မှန်လှပါဘုရား)။ အချိန် အအားမပေးပါနဲ့. . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား။

အချိန်အအား မယူကြပါနဲ့. . . ယူခဲ့တဲ့ အချိန်တွေများလွန်းလို့. . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား၊ ယူခဲ့တဲ့အချိန်တွေများလွန်းလို့ မယူပါနဲ့တော့. . . (မှန်လှပါဘုရား)။

သေခါနီးအချိန်ကျမှ ငါမှားခဲ့ပြီဆိုတဲ့ အလုပ်ကိုလည်း မပေါ်အောင်လုပ်လိုက်ပါ. . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဘုရားက ငါမှာတဲ့စကားနှစ်ခွန်းသည် မသေခင်ကလုပ်၊ သေခါနီးမှ မှားခဲ့ပြီဆိုတဲ့ အလုပ်ကို မလုပ်ဖြစ်စေနဲ့. . . (မှန်လှပါဘုရား)။ **အယံ** - ဤ - ငါဆိုတဲ့ စကားနှစ်ခွန်းသည် **ဝေါ** သင်ချစ်သားတို့အား၊ **အမှာကံ** - ငါဘုရား၏၊ **အနုသာသနီ** အဆုံး အမတည်း၊ ဒါ ငါဘုရား၏ အဆုံးအမ. . . (မှန်လှပါဘုရား)။

## မသေခင်ကဝိပဿနာအလုပ်လုပ်

မသေခင်က ဝိပဿနာအလုပ်လုပ် . . . (မှန်လှပါဘုရား)။ သေခါနီးမှ၊ နိမိတ်တွေ ထင်လာတော့မှ အပါယ်သွားဖို့ သေချာနေတော့မှ ငါမှားပြီ၊ ငါမှားခဲ့ပြီလို့ မလုပ်လိုက်ပါနဲ့တဲ့ . . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အဲ့ဒါသည် ဒကာ ဒကာမတို့ အလွန်အရေးကြီးလို့ မှာတော်မူတယ်ဆိုတဲ့ မှာတမ်းစကားနော်. . . (မှန်လှပါဘုရား)။ မှာတမ်းစကားပဲ၊ အလွန့်အလွန် အရေးကြီးတယ်ဆိုတာမှတ်ပါ . . . (မှန်လှပါဘုရား)။

ခင်ဗျားတို့ ဘယ်လောက်ရှာရှာ စားဖို့နဲ့ ဝတ်ဖို့ ဒါပဲ၊ ဝတ်တာကလည်း အထည်တစ်ရာရှိလို့ ခင်ဗျားတို့ ထပ်မဝတ်နိုင်ဘူး. . . (မဝတ်နိုင်ပါဘုရား)။

စားတာကလည်း တစ်နေ့ သုံးထပ်စားဖို့ အတော်ခဲယဉ်းပါလိမ့်မယ်၊ ဟုတ်ဖူးလား. . . (မှန်ပါဘုရား)။ အဲဒီတော့ ခင်ဗျားတို့က စားဖို့ကိုလည်း သူများထက်ပိုပြီး အလုပ်လုပ်နေရတယ်. . . (မှန်လှပါဘုရား)။

ဝတ်ဖို့ကိုလည်း အချိန်တွေအများကြီး ယူပြီး သူများထက် ပိုပြီး အလုပ်လုပ်ရတယ်ဆိုတော့ ဦးနဲ့. . ဝတ်တဲ့အခါကျတော့ သူများထက် အထည်အထပ်များများ ဝတ်နိုင်လို့ရှိရင်လည်း၊ ဟုတ်လား။ ဒီဥစ္စာ သူများက တစ်ထည်ဝတ်တာ၊ ခင်ဗျားက နှစ်ထည်ထပ်၊ သုံးထည်ထပ်ဝတ်လို့ရတယ်ဆိုရင် ဒီလိုတော့ အားပေးကောင်းတယ်. . . (မှန်လှပါဘုရား)။

## အထည်အထပ်ထပ်ဝတ်နိုင်ရဲ့လား

အခုလို အထည်ထပ်ဝတ်နိုင်ရဲ့လား. . . (မဝတ်နိုင်ပါဘူးဘုရား)။ သူများက နှစ်ထပ်စားတယ်၊ ခင်ဗျားက ကြိုးစားတဲ့အတွက် သုံးထပ်စားလေဗျာဆိုလို့ စားနိုင်ရဲ့လား. . . အလုပ်သာလုပ် ဒီလိုတော့ အားပေးရတယ်. . . (မှန်လှပါဘုရား)။

ခုတော့ သူများနှစ်ထပ်စားတာတောင် မြိန်ရေယှက်ရေ မရှိ၊ အဝတ်ကလေးနှစ်ထပ်၊ ထပ်ဝတ်တာတောင် အိုက်လှပြီ၊ ပူရပြီ. . . (မှန်လှပါဘုရား)။ ဟုတ်လား။

အဲဒီတော့ အလုပ်ပို လုပ်ထားတာတွေက ဘယ်အကျိုး ငှာတုံးလို့မေးလို့ရှိရင်ဖြင့် သုံးထပ်ဝတ်ဖို့လည်း မဟုတ်ဘူး . . . (မှန်လှပါဘုရား)။ သုံးထပ်စားဖို့ကော . . . (မဟုတ်ပါဘူး ဘုရား)။

ဒါဖြင့် မဟုတ်တာအတွက်နဲ့ အရေးကြီးတာ ဘာတုံးဗျ၊ မေးစရာပေါ်လာတယ်. . . (မှန်လှပါဘုရား)။ မေးစရာ မပေါ် လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

အဲဒါ မဟုတ်တာအတွက်နဲ့ အရေးကြီးနေတာသည် ကိုယ်အရှူးထလို့ ဖြစ်ပါလိမ့်မယ်. . . (မှန်လှပါဘုရား)။ ဒီပြင် ဘာများ အဖြေထုတ်စရာရှိသေးသတုံး. . . (မရှိပါဘူးဘုရား)။

အေး. . . ဒါကြောင့် ဒကာ ဒကာမတို့ "ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ၊ မာပစ္ဆာဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ဝေါ အမှာကံ အနုသာသနီ" ဆိုတဲ့ ဥစ္စာဖြင့် ဘုရား အဆုံး အမဟာ ယနေ့ဟာပါပဲ. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## စိတ်ချစရာတစ်ကွက်မှမရှိ

အဲဒီတော့ကိုး ဘုရားက ဆက်ပြီး သကာလ ဟောရှာတယ်. . . (မှန်လှပါဘုရား)။ ကိုင်းကွာ. . . မင်းတို့ ဒီအတိုင်းသာ မင်းတို့သေသွားလို့၊ ဒီအနေနဲ့၊ ဒီအသေနဲ့သာဖြင့် စိတ်ချစရာ တစ်ကွက်မှ မရှိဘူးကွတဲ့. . . (မှန်လှပါဘုရား)။

အဲဒီတော့ ငါဟောမယ်တဲ့၊ နိဗ္ဗာန်နဲ့ လျှောက်ပတ်တဲ့ တရား ငါဟောတော့မယ်၊ မင်းတို့ အဲဒါလေးဖြင့် လုပ်ဖြစ်အောင် လုပ်စမ်းပါကွတဲ့. . . (မှန်လှပါဘုရား)။ မှာပြန်ပြီ ဒကာ ဒကာမတို့၊ အလုပ်နည်းပေးပြန်ပြီ. . . (မှန်လှပါဘုရား)။

အလုပ်နည်းပေးပြန်ပြီ ဦးလှဘူးရ. . . (မှန်လှပါဘုရား)။ အင်မတန် မှတ်စရာကောင်းတယ်၊ ကိုယ်တော်မြတ်ကြီး ကရုဏာတော်တွေသည် အလွန်မှ ပေါ်လွင်ထင်ရှားလာပြီဆိုတာ ဒကာ ဒကာမတို့ သိပ်ကြည်ညိုစရာကောင်းပါတယ်. . . (မှန်လှပါဘုရား)။

သိပ်ကြည်ညိုစရာကောင်းလာပြီ၊ ကြည့်စမ်း. . . ဒကာ ဒကာမတို့ သားငယ်၊ သမီးငယ်၊ မြေးငယ်ဆိုတဲ့ သံသရာ ခရီးသည်တွေကို မှာလိုက်တဲ့ဖြစ်ခြင်း မသေခင်က ဝိပဿနာ အလုပ်ကိုလုပ်၊ သေခါနီးမှ နိမိတ်တွေ ထင်လာလိမ့်မယ်. . . (မှန်လှပါဘုရား)။ အဲ့ဒါကြောင့် မင်းတို့ မပေ့ါပါနဲ့. . . (မှန်လှပါဘုရား)။ ငါအသေအချာ မှာပါတယ်။

အကျိုးစီးပွားကို အင်မတန် အလိုရှိလို့ ပြောပါတယ် ဆိုတာ မပါဘူးလား. . . (ပါပါတယ်ဘုရား)။

## ပေတေတေ၊ ကပ်တတ်တတ်မလုပ်နဲ့

ဒီထဲက ခင်ဗျားတို့က ပေတေတေ ကပ်တတ်တတ် မလုပ်နဲ့. . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ ဘုရား)။

ပေချင်သေးရဲ့လား. . . (မပေချင်ပါဘူးဘုရား)။ မပေ ချင်နဲ့၊ ပေချင်တာပဲလား၊ ဒီလိုလည်း မဖြစ်စေနဲ့ဆိုတာ သဘော ကျပြီလား. . . (သဘောကျပါပြီဘုရား)။

အေး. . . ဒီလိုလည်းမဖြစ်စေနဲ့၊ ဒီလိုလည်း မဖြစ်စေနဲ့၊ ဦးလှဘူးရေ ဘုရားမှာတော်မူတာကတော့ဖြင့် သာမည မျက်လုံး ကျယ်တဲ့ပုဂ္ဂိုလ်က မှားတာလား၊ လမ်းဆုံးမြင်တဲ့ ပုဂ္ဂိုလ်က မှာတာ လား . . . (လမ်းဆုံးမြင်တဲ့ ပုဂ္ဂိုလ်က မှာတော်မူတာပါဘုရား)။

## သေခါနီးမှ နှလုံးမသာယာခြင်း

အဲ့ဒါ ခင်ဗျားတို့က တကယ့် အသိအမြင် ကျယ်တဲ့ ပုဂ္ဂိုလ်က ပြောသည်ဖြစ်လေသောကြောင့် တစ်လုံးမှ မလွဲတဲ့ စကားပြောနေကျ ကိုယ်တော်ကြီး ပြောတာဖြင့် ငါတို့သည် ကားလို့ဆိုရင်ဖြင့် သူက မသေခင်က ဝိပဿနာ အချိန်ရှိသ၍ လုပ်၊ သေခါနီးမှ နှလုံးမသာယာခြင်း အလုပ်ကို မဖြစ်ရအောင်

နေပါလို့ ဆိုတဲ့စကား၊ ပထမတစ်နံပါတ် စကားကို အရယူပြီး၊ နှစ်နံပါတ်စကားကို ကျုပ်တို့ တစ်ခါတည်း ကိုယ်တော်မြတ်ကြီး က မပေါ်စေချင်တာ၊ မပေါ်အောင်လုပ်လိုက်မယ်ဟဲ့ဆိုရင် ဘယ်လောက်ကောင်းမတုံး. . . (ကောင်းပါတယ်ဘုရား)။

အင်မတန် ကောင်းပါတယ် ဒကာ ဒကာမတို့၊ ကိုင်း . . . မင်းတို့လုပ်ကြစမ်းပါကွာတဲ့ ငါ့ခုဟာက မှာတမ်းရှိပါသေးတယ်ကွတဲ့၊ အလုပ်လုပ်နည်းကို ငါသင်ပါဦးမယ်တဲ့. . . (မှန်လှပါဘုရား)။

နိဗ္ဗာန်ရောက်မှ အေးမဟေ့တဲ့. . . (မှန်လှပါဘုရား)။ ဟုတ်လား. . .၊ ဒါကြောင့် **နိဗ္ဗာန သပ္ပါယံ ဝေါဘိက္ခဝေ ပဋိပဒံ ဒေသေဿာမိ**။

**ဘိက္ခဝေ** - ရဟန်းတို့၊ **ဝေါ** - သင်တို့အား၊ **နိဗ္ဗာန သပ္ပါယံ**- နိဗ္ဗာန်နဲ့ လျှောက်ပတ်သော (ဝါ) နိဗ္ဗာန်ရောက်သော၊ **ပဋိပဒံ** - အကျင့်ကို၊ **အဟံ** - ငါဘုရားသည်၊ **ဒေသေဿာမိ** - မင်းတို့မှာပြီးလို့ ခု အလုပ်သင်တော့မယ်ကွတဲ့. . . (မှန်လှပါဘုရား)။

## ဒီအလုပ်သာလုပ်စမ်းပါ

မှာပြီးပြီ ခုနက၊ မှာပြီးပြီ၊ မင်းတို့ အလုပ်သင်တော့မယ်တဲ့၊ ဒီအလုပ်သာ လက်ကိုင်ထားပြီး လုပ်စမ်းပါ။

ဒီအလုပ်ကို လက်ကိုင်ထားပြီး လုပ်စမ်းပါလို့ ဆိုတဲ့ စကားသည် အင်မတန်ကိုပဲ ကိုယ်တော်မြတ်ကြီးသည် ကရုဏာ၊ မေတ္တာရှေ့ထားလို့ ဆိုတာ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီ ဘုရား)။

ဒီအလုပ်လုပ်စမ်းပါ၊ ဒီအလုပ်လုပ်စမ်းပါ၊ ဘာအလုပ် တုံးဆိုတော့ **"နိဗ္ဗာန သပ္ပါယံ ဝေါဘိက္ခဝေ ပဋိပဒံ ဒေသေဿာမိ"**။

ဘိက္ခဝေ - ငါ၏ချစ်သားတပည့်များတို့၊ **နိဗ္ဗာန သပ္ပါယံ** နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော (ဝါ) နိဗ္ဗာန်သို့ လျှောက်ပတ် သော၊ **ပဋိပဒံ** - အကျင့်ကို၊ **ဝေါ** - သင်တို့အား၊ **အဟံ** - ငါဘုရား က၊ **ဒေသေဿာမိ** - လမ်းပြပါအံ့၊ ဟောသည်။ အသေအချာ မင်းတို့ ဂရုစိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

ဒီလိုလုပ်စမ်းပါကွတဲ့. . . (မှန်လှပါဘုရား)။ ဒီလိုလုပ် စမ်းပါ။ ဒါမှ မင်းတို့သည် ကားလို့ဆိုရင် အဖိုးတန်ပြီး သကာလ၊ သေတဲ့အခါကျတော့ကို ဈေးချွေးပြန်ပြီးသကာလ၊ ဝမ်းနည်းပြီး မသေရတော့ဘူးကွတဲ့. . . (မှန်လှပါဘုရား)။ အသေလွတ်တဲ့ နေရာဌာနရောက်မယ်. . . (မှန်လှပါဘုရား)။

ဒါကြောင့် **"နိဗ္ဗာနံ သပ္ပါယံ"** နိဗ္ဗာန်နဲ့ လျှောက်ပတ် သော၊ **ပဋိပဒံ** အကျင့်ကို (ဝါ) နိဗ္ဗာန်ကို ရောက်စေတဲ့ အကျင့်

ကို၊ အဟံ - ငါဘုရားသည်၊ ဝေါ-သင်တို့အား၊ ဒေသေဿာမိ မှာပြီးသည် အခြားမဲ့၌ မင်းတို့အလုပ်သင်တော့အုံ။

## ဒီလမ်းခရီးလျှောက်စမ်းပါ

မှာပြီးပြီတဲ့၊ အလုပ်သင်တော့မယ်. . . (မှန်လှပါဘုရား) ဒီလမ်းခရီးလျှောက်စမ်းပါ၊ ဒီလမ်းခရီးလျှောက်စမ်းပါလို့ ဒကာ ကာမတို့ ဟောသည်. . . (မှန်လှပါဘုရား)။

အဲဒီတော့ အခုလာလတ္တံ့ဖြစ်တဲ့ လမ်းသည် ဒကာ ဒကာမတို့ အလွန့်အလွန် လုပ်စေချင်လွန်းလို့ ဒီလမ်းကဖြင့် နိဗ္ဗာန်နဲ့ လျှောက်ပတ်တဲ့ လမ်းဖြစ်တယ်၊ မင်းတို့ အအို၊ အသေ၊ အနာလွတ်တဲ့လမ်း၊ အပါယ်လေးပါးလုံးဝမမြင်ရတဲ့လမ်း၊ သေခါ နီး နိမိတ်တောင်မှ မထင်တဲ့လမ်း၊ မကောင်းတဲ့ နိမိတ်တွေ ဟူသ၍ မထင်တဲ့လမ်း၊ ပြုံးပြုံးရွှင်ရွှင်နဲ့ သေရမယ့်လမ်း . . . (မှန်လှပါဘုရား)။

## တကယ့်လမ်းကောင်းပြောတော့မယ်

တကယ့်လမ်းကောင်း ပြောတော့မယ်. . . (မှန်လှပါ ဘုရား)။ တကယ့်လမ်းကောင်း ပြောတော့မယ်။ အဲ့ဒါကြောင့် ယနေ့ ဟောမယ့်တရားသည် ဒကာ ဒကာမတို့ မှာတမ်းတော်၏ အခြားမဲ့၌ လမ်းကောင်းပြတော်မူသော ကိုယ်တော်မြတ်ကြီး၏ တရားကို ခင်ဗျားတို့ ဒီလမ်းနာရတော့မယ်. . . (မှန်လှပါဘုရား)။

ဒီလမ်းလိုက်မှပဲဟော့၊ ဒီလမ်းလိုက်မှပဲ လမ်းလွဲလို့ မဖြစ်ဘူး. . . (မှန်လှပါဘုရား)။ လမ်းတွေကလည်း တယ်များတယ်နော်. . . (မှန်လှပါဘုရား)။

မိစ္ဆာဒိဋ္ဌိလမ်း

သမ္မာဒိဋ္ဌိလမ်း၊

နှစ်လမ်းရှိတယ်ကွ၊ မိစ္ဆာဒိဋ္ဌိလမ်း၊ သမ္မာဒိဋ္ဌိလမ်းတဲ့ ဒကာ ဒကာမတို့ လမ်းဘယ်နှလမ်းရှိသတုံး. . . (နှစ်လမ်းရှိပါတယ်ဘုရား)။

သားရေး၊ သမီးရေး၊ စီးပွားရေးလိုက်တဲ့လမ်းက မိစ္ဆာဒိဋ္ဌိ အပါယ်လမ်း၊ အောက်လမ်း၊ အောက်လမ်း. . . (မှန်လှပါဘုရား)။

## ဝိပဿနာအလုပ်က သမ္မာဒိဋ္ဌိလမ်း

ဝိပဿနာအလုပ်၊ ရှုကြည့်တဲ့ အလုပ်ကို အမြဲတစေ လုပ်နေတဲ့ ဒကာ ဒကာမတွေက မသေရာ၊ မနာရာ၊ မအိုရာ သွားမယ့် သမ္မာဒိဋ္ဌိမဂ္ဂင်လမ်း. . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

## သားရေး သမီးရေးက မိစ္ဆာဒိဋ္ဌိလမ်း

သားရေး၊ သမီးရေး၊ စီးပွားရေး လုပ်နေတဲ့ ဒကာ

ဒကာမတွေ ဘာတုံး. . . (မိစ္ဆာဒိဋ္ဌိလမ်းပါဘုရား)။ မိစ္ဆာဒိဋ္ဌိ မဂ္ဂင်လမ်း၊ အပါယ်လမ်း၊ ဟုတ်လား. . . (မှန်ပါဘုရား)။

ဝိပဿနာအလုပ်ကို လုပ်နေတဲ့ ဒကာ ဒကာမတွေက . . . (သမ္မာဒိဋ္ဌိမဂ္ဂင်လမ်းပါဘုရား)။

အဲဒီ လမ်းနှစ်လမ်းရှိတယ်ကွတဲ့၊ လမ်းနှစ်လမ်းရှိတော့၊ အဲဒီမိစ္ဆာဒိဋ္ဌိ မဂ္ဂင်လမ်းလိုက်လို့ရှိရင်ဖြင့် မရောက်ခင်က၊ မသေခင်က သိတယ်ကွတဲ့. . . (မှန်လှပါဘုရား)။ နိမိတ်တွေ ထင်လာတယ် . . . (မှန်လှပါဘုရား)။

သမ္မာဒိဋ္ဌိလမ်း လိုက်မိပြန်လို့ရှိရင်လည်း မသေခင်က သိတယ်ကွတဲ့. . . (မှန်လှပါဘုရား)။ ပြုံးသေနဲ့ မဲ့သေ ကွာတယ်ကွ. . . (မှန်လှပါဘုရား)။

## ပြုံးသေ၊ မဲ့သေကွာတယ်တဲ့

ဒကာ ဒကာမတို့ ပြုံးသေနဲ့ မဲ့သေ ကွာပါတယ်ကွတဲ့၊ ဟုတ်ပြီလား. . . (မှန်လှပါဘုရား)။

ဒါကြောင့် အရိယာတွေများ ပျက်စီးသွားတဲ့အခါ အလောင်းသွားကြည့်လိုက်၊ ပြုံးလို့ ရွှင်လို့ ဟုတ်လား။

ပုထုဇဉ်တို့ အလောင်းသွားကြည့်လို့ရှိရင် ရွဲ့လို့၊ စောင်းလို့၊ ကြိုးကိုမနည်းစီးထားရတာ. . . (မှန်လှပါဘုရား)။ မတော်ကိုးရို့ကားရား ဒီထက်ဖြစ်ချည်ရဲ့လို့ . . . (မှန်လှပါ

ဘုရား)။ အဲဒီလောက်တောင် မဆိုးဝါးဘူးလား . . . (ဆိုးဝါးပါတယ်ဘုရား)။

အေး . . . ဒါ နဂိုက လမ်းလွဲလိုက်လို့ လမ်းလွဲပုံသဏ္ဌာန်ပေါ် . . . (မှန်လှပါဘုရား)။ လမ်းကောင်းလိုက်လို့ လမ်းကောင်းပုံသဏ္ဌာန်ပေါ် ဆိုတာ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

## ဘုရားကမှာတော်မူတယ်

အေး. . . ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး မှာတော်မူသည် အခြားမဲ့၌ **"နိဗ္ဗာနသပ္ပါယံ ဝေါဘိက္ခဝေ ပဋိပဒံ ဒေသေဿာမိ၊ တံသုဏာထ၊ သာဓုကံ မနသိ ကရောထ"**။

**ဘိက္ခဝေ** - ရဟန်းတို့၊ **ဝေါ** - သင်တို့အား၊ **နိဗ္ဗာန သပ္ပာယံ** - နိဗ္ဗာန်နဲ့ လျော်ကပ်သော (ဝါ) နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော၊ ပဋိပဒံ-အကျင့်ကို၊ **ဝေါ**-သင်တို့အား၊ ဘာမှ မသိတဲ့ သင်တို့အား၊ **အဟံ** - ငါဘုရားသည်၊ **ဒေသေဿာမိ** ဟောတော့၊ **တံ** - ထိုဟောလတ္တံ့ဖြစ်သော တရားကို၊ **သုဏာထ** - ကောင်းကောင်း နာကြကွတဲ့၊ **မနသိကရောထ** - မှတ်မိအောင် လည်း နှလုံးသွင်းကြကွတဲ့၊ ဟုတ်ပြီလား။

## မှတ်မိအောင် နှလုံးသွင်းပြီးကျင့်ကြ

မှတ်မိအောင် နှလုံးသွင်းပြီးသကာလ နေရာတိုင်းမှာ

လည်း ကျင့်ကြကွဲ၊ မဟောဘူးလား. . . (ဟောပါတယ် ဘုရား)။

အေး. . . ဒါကြောင့် ဒကာ ဒကာမတို့ အင်မတန် ကိုယ်တော်မြတ်ကြီးသည် ကားလို့ဆိုရင် တကယ့် ကရုဏာ၊ တကယ့်မေတ္တာ၊ တကယ့်စေတနာနဲ့ တကယ်အမြင်ကျယ်ပြီး သကာလ၊ တကယ်ခင်ဗျားတို့ သန္တာန်၌ အပါယ်တရားတွေ လုံးဝ မသီရအောင်၊ စင်ကြယ်သွားအောင် သူဟောတော့မယ် . . . (မှန်လှပါဘုရား)။

အဲဒီတော့ ကြိုးစားပြီး ရှုတာပေါ့ဗျာ. . . (မှန်လှပါ ဘုရား)။ နောက်လာလတ္တံ့ဖြစ်တဲ့ တရားသည် ဒကာ ဒကာမတို့ ကြိုးစားရမယ့်တရား၊ ပွားများရမယ့်တရား၊ နိဗ္ဗာန်သို့ရောက်တဲ့၊ လျောက်ပတ်တဲ့တရား. . . (မှန်လှပါဘုရား)။

## ဒီတရားထက်ကောင်းတာ ရှာမတွေ့ဘူး

နိဗ္ဗာန်သို့ လျောက်ပတ်တဲ့ တရားတဲ့ ဒကာ ဒကာမတို့၊ ဒီတရားထက်ကောင်းတာ ရှာမတွေ့တော့ဘူး. . . (မတွေ့ပါဘူး ဘုရား)။

ကောင်းပြီဘုရား၊ ဒီတရားက သိပ်နက်ပြီး၊ ခက်နေ မှာလား၊ တပည့်တော်တို့ကို ဉာဏ်မမှီလောက်အောင် နက်ပြီး ခက်နေလို့ရှိရင်လည်း မရှုတတ်၊ မကြည့်တတ်ပြန်လို့ရှိရင်လည်း

တပည့်တော်တို့အတွက်ဟာ ရတက်အေးစရာမရှိဘူးဆိုတာ ခင်ဗျားတို့ ဆင်ခြေလဲဦးမယ်. . (မှန်လှပါဘုရား)။ ဟုတ်ဖူးလား။

ခင်ဗျားတို့ ဆင်ခြေလဲစရာအတွက် ပေါ်လာတယ်. . . (မှန်လှပါဘုရား)။ ခုတော့ ဒီလိုမဟုတ်ပါဘူးကွတဲ့၊ ငါဟော မယ့်တရားက မင်းတို့ နေ့တိုင်းတွေ့၊ ခဏခဏကြုံ၊ အဲဒီကြုံတဲ့ တရားထဲကနေပြီး၊ အဲဒီကြုံတဲ့တရား အရှုခိုင်း၊ အဲဒါတွေကြည့်ပြီး မင်းတို့ ဒီမဂ္ဂင်ပေါ်၊ မဂ္ဂင်လမ်းမတော်ပေါ် ရောက်၊ ဟုတ်ပြီးလား။

မဂ္ဂင်လမ်းမတော်ပေါ် ရောက်တဲ့အခါကျတော့ သေခါနီး နိဗ္ဗာန်လမ်းမတော် နိမိတ်ကထင် . . . (မှန်လှပါဘုရား)။ အအေး ဓာတ်၊ အလင်းဓာတ်ကြီးက ပေါ်လာလို့ ခုဖြင့် အရောက်ကြီး ရောက်ပြီး၊ အပျော်ကြီးပျော်ရတော့မှာပဲ၊ အချမ်းသာကြီး ချမ်းသာတော့မှာပဲဆိုတာ ကြုံလာလိမ့်မယ်ကွတဲ့. . . (မှန်လှပါ ဘုရား)။

ဒီမင်းတို့တွေ့နေကျ လမ်းကိုသာ မင်းတို့ရှုရမှာပါပဲတဲ့။ ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားဟောတော်မူတဲ့ တရား ကလည်း ခက်ခက်ကြီး ဝိပဿနာရှုမယ်လို့ မလာပါဘူး. . (မလာပါဘုရား)။

ခင်ဗျားတို့ တွေ့နေကျလမ်းကိုပဲ၊ ကိုင်း-ဒါဖြင့် ဘုရား ဟောတော်မူတဲ့ လမ်းကိုပဲ ဘုန်းကြီးက ဟောရတော့မယ်. . . (မှန်လှပါဘုရား)။

## ရှုပ်ရှုနည်းကလွယ်ပါတယ်

ခင်ဗျားတို့ ရှုပုံရှုနည်းကိုပဲ ပြရတော့မယ်. . . (မှန်လှပါဘုရား)။ ရှုပုံရှုနည်းသည် ကားလို့ဆိုရင် လွယ်ပါတယ်တဲ့။

ကိုင်း. . . ဒကာ ဒကာမတို့ ခင်ဗျားတို့ အဆင်းတစ်ခု၊ သားကလေး၊ သမီးကလေး၊ ဖြူဖြူဝါဝါ အဆင်းကလေး မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

## အဆင်း

အေး သူတို့ ဖြီးလိမ်းထားတဲ့ အဆင်းကလေး၊ အဲဒီ အဆင်းကလေးလည်း ခင်ဗျားတို့ မျက်လုံးထဲ မမြင်ဘူးလား . . . (မြင်ပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ အဆင်းကလေးရှိလို့ အဆင်းကလေးလည်း တစ်မျိုးပဲ၊ မြင်တဲ့ သဘောကလေးဟာ ကော . . . (တစ်မျိုးပါဘုရား)။ ဩော်. . . အဆင်းရုပ်ကလေး၊ မြင်ရုပ်ကလေးရှိတယ်လို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

မြင်စိတ်ကလေးကော. . . (ရှိပါတယ်ဘုရား)။ သုံးမျိုးရှိသွားပြီ. . . (မှန်လှပါဘုရား)။ အဆင်းရုပ်လည်းရှိတယ်၊ ခင်ဗျားတို့ သား၊ သမီးကလေးမှာ အဆင်းရုပ်ကလေးကလည်း ရှိတယ်။

## မြင်ရုပ်

အဲဒီအဆင်းရုပ်ကလေးကလည်းရှိ ကိုယ့်သန္တာန်မြင်ရုပ်ကလေးကကော. . . (ရှိပါတယ်ဘုရား)။ မျက်လုံးကန်းနေတဲ့ပုဂ္ဂိုလ်တော့ မမြင်ပါဘူး. . . (မှန်လှပါဘုရား)။

ပဋိသန္ဓေကတည်းက ကန်းလာတဲ့ပုဂ္ဂိုလ် ဘယ်မြင်မတုံး. . . (မမြင်ပါဘုရား)။

အဲဒီတော့ မြင်ရုပ်ကလေးရှိတဲ့ ပုဂ္ဂိုလ်က မမြင်ရဘူးလား. . . (မြင်ရပါတယ်ဘုရား)။ အဲဒီတော့ မြင်စိတ်ကလေးကလည်း မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

## မြင်စိတ်

ဩော်. . . ဒါဖြင့် ခုနက ဒကာ ဒကာမတို့ အဆင်းရယ်၊ အကြည်ရယ် ဟုတ်လား၊ မြင်စိတ်ရယ် ဘယ်နှစ်မျိုးရှိသတုံး. . . (သုံးမျိုးရှိပါတယ်ဘုရား)။

ကောင်းပြီ၊ (၁) အဆင်းရယ်၊ (၂) အမြင်ရယ်၊ (၃) မြင်စိတ်ရယ် ဘယ်နှစ်မျိုးရှိသတုံး . . . (သုံးမျိုးရှိပါတယ်ဘုရား)။

ဘယ်သူ ဘယ်သူတဲ့. . . (အဆင်းရယ်၊ မြင်ရုပ်ရယ်၊ မြင်စိတ်ရယ်ပါဘုရား)။ အဲ. . . အဆင်းရယ်၊ မြင်ရုပ်ရယ်၊ မြင်စိတ်ရယ် ဒကာ ဒကာမတွေ သန္တာန် ဒီသုံးမျိုးက ဩော်

အတော် ရှာယူရမှာလားလို့ မေးဖို့လိုသေးသလား. . . (မလိုပါ ဘူးဘုရား)။

မလိုတော့ဘူး၊ ပြင်ဘက်မှာ အဆင်းရှိတယ်၊ ကိုယ့်ကိုယ်ကို ကြည့်လည်း ကိုယ့်အဆင်းလေး ဖြူတယ်၊ ညိုတဲ့ အဆင်းလေးရှိတာပဲ. . . (ရှိပါတယ်ဘုရား)။

အဲဒီတော့ ကိုယ့်ကိုယ်ကို ကြည့်တယ်ထားပါဦးတော့ အဆင်းကလေးလည်း ရှိတယ်. . . (မှန်လှပါဘုရား)။ မြင်ရုပ်ကလေးကော. . . (ရှိပါတယ်ဘုရား)။ မြင်စိတ်ကလေးကော . . . (ရှိပါတယ်ဘုရား)။

မြင်စိတ်ကလေးလည်းရှိ၊ ဘယ်နှစ်မျိုးရှိသတုံး. . . (သုံးမျိုးရှိပါတယ်ဘုရား)။ သုံးမျိုးရှိသွားပြီ ဒကာ ဒကာမတို့ အဲဒီ သုံးမျိုးထဲမှာ တစ်ခါနည်းနည်းကလေးတိုးလိုက်ဦး၊ ဟုတ်ပြီလား။

## ဖဿ

ဒါသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဒီသုံးခု ပေါင်းလို့ရှိရင် မျက်လုံးထဲမှာ တွေ့တဲ့ ဖဿကလေး မပါသေးဘူးလား. . . (ပါ ပါတယ်ဘုရား)။

အဲဒီ ဖဿကလေးပါတော့ ဖဿကလေးတစ်ခု ထည့်လိုက်တော့ လေးခုဖြစ်သွားတယ်. . . (မှန်လှပါဘုရား)။

အဆင်းရယ်၊ မြင်ရုပ်ရယ်၊ မြင်စိတ်ရယ်၊ ဖဿရယ်၊ ဘယ်နှစ်ခု ရှိသွားသတုံး. . . (လေးခုရှိသွားပါပြီဘုရား)။

## ဝေဒနာ

လေးခုရှိသွားပြီ ဒကာ ဒကာမတို့၊ လေးခုရှိတဲ့အခါ ကျတော့ ဒကာ ဒကာမတွေက မြင်ရတာကောင်းလိုက်တာဆိုတဲ့ ဝမ်းထဲသုခ၊ မြင်ရတာမကောင်းပါဘူးဆိုရင် ဒုက္ခ၊ မျက်လုံးထဲပဲ မြင်လိုက်ရတာပဲဆိုရင် ဥပေက္ခာ. . . (မှန်လှပါဘုရား) ဝေဒနာ ရယ် ငါးမျိုးမရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

ဝေဒနာသုံးမျိုးတစ်မျိုးတည်း ထားလိုက်. . . (မှန်လှပါ ဘုရား)။ ဒကာ ဒကာမတို့ အဆင်းရယ်၊ မြင်ရုပ်ရယ်၊ မြင်စိတ်ရယ်၊ ဖဿရယ်၊ ဝေဒနာရယ်၊ ဘယ်နှစ်ခုရှိပြီလဲ. . . (ငါးခုရှိပါဘုရား)။

အဲဒီ ငါးခုရှိတယ်လို့ မင်းတို့ ရှေးဦးစွာ မှတ်ထားဦးကွ၊ ဒီငါးခုကလည်း ဒကာ ဒကာမတို့ ဘုရားက သယ်လာတာလည်း မဟုတ်ဘူး၊ ဘုရားသယ်လာတဲ့ပစ္စည်းထုတ်ပေးတာလား. . . (မဟုတ်ပါဘူးဘုရား)။

ခင်ဗျားတို့ နေ့တိုင်း သုံးနေကျ၊ ဖြုန်းနေကျ ပစ္စည်းပြော တာ . . . (မှန်လှပါဘုရား)။ ခင်ဗျားတို့ ကိုယ်ပိုင်ပစ္စည်းပြောတာ

. . . (မှန်လှပါဘုရား)။ ခင်ဗျားတို့ သန္တာန်လက်ညှိုးထိုးဟောတာ . . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား။

အဆင်းဆိုတာလည်း ကိုယ့်အဆင်းက ဖြူတယ်၊ ညိုတယ် ကိုယ်အသားအရေ ကိုယ်သိသားပဲ. . . (မှန်လှပါဘုရား)။ အဆင်းရုပ်ကလေးကော မရှိဘူးလား. . (ရှိပါတယ်ဘုရား)။

## အဆင်းနဲ့မြင်ရုပ်နဲ့တည့်ရင်

မျက်လုံးထဲက မြင်ရုပ်ကလေးကော . . . (ရှိပါတယ်ဘုရား)။ အေး. . . အဆင်းနဲ့ တွေ့တဲ့အခါကျတော့ အဆင်းနဲ့ မြင်ရုပ်နဲ့တည့်တယ်ဆိုရင်ပဲ မြင်စိတ်ပေါ်တယ်. . . (ပေါ်ပါတယ်ဘုရား)။

မြင်စိတ်ပေါ်တယ်ဆိုရင် "တိဏ္ဏံသင်္ဂတိဖဿော" ဆိုတဲ့ ဖဿက လာပြီ ဒကာ ဒကာမတို့၊ တွေ့ထိတဲ့ ဖဿကလေးက မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဖဿပစ္စယာဝေဒနာလို့ ခင်ဗျားတို့ သိပြီးသားဖြစ်နေသောကြောင့် ဝေဒနာသုံးမျိုးတစ်ခုခု မလာဘူးလား. . . (လာပါတယ်ဘုရား)။ အဲဒီတော့ ဝေဒနာသုံးမျိုးရှိလာတော့ ဝေဒနာတစ်ခုတည်းထားလိုက်. . . (မှန်လှပါဘုရား)။ ခင်ဗျားတို့ သိပြီးသား။

အဲဒီတော့ မျက်လုံးနဲ့ အဆင်းကို တစ်ခုခုကြည့်လိုက်လို့ ရှိရင်တော့ ဩော်. . . ငါးခုပေါ်ပြီဟော့. . . (မှန်လှပါဘုရား)။ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## ငါးခုပေါ်တယ်

ဘယ်နှစ်ခုပေါ် သတုံး. . . (ငါးခုပေါ်ပါတယ်ဘုရား)။ ငါးခုပေါ်တယ်လို့ မှတ်လိုက်စမ်းပါ ဒကာ ဒကာမတို့. . . (မှန်လှပါဘုရား)။

အဆင်းရုပ်ကလေးလည်း ရှိတယ်၊ မျက်လုံးအကြည့် ရုပ်ကလေးကော. . . (ရှိပါတယ်ဘုရား)။ မြင်စိတ်ကလေးကော မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။ အာရုံနဲ့ တွေ့ထိနဲ့ ဖဿကော. . . (ပေါ်ပါတယ်ဘုရား)။ အေး. . . ခံသာတဲ့ ဝေဒနာလေးကကော. . . (ပေါ်ပါတယ်ဘုရား)။

ဘယ်နှစ်မျိုးပါလိမ့်. . . (ငါးမျိုးပါဘုရား)။ ဒီ ငါးမျိုးရှိတယ်ကွတဲ့၊ ငါးခုရှိသွားပြီ၊ ဒကာ ဒကာမတွေသိပြီလား. . . (သိပါပြီဘုရား)။

ငါးခုရှိတာကို သိသွားတော့၊ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ငါးမျိုးစလုံးမှ၊ မင်းတို့ကြိုက်ရာကလေးကွာ ရှုပေးစမ်း ပါ. . . (မှန်ပါဘုရား)။

အဆင်းကို ရှုချင်လို့ရှိရင် ရှုနိုင်တယ်၊ မျက်လုံးရုပ်ကို ရှုချင်ရင်. . . (ရှုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက **"စက္ခုံ အနိစ္စတော ပဿတိ"** မင်းတို့မြင်ရုပ်ကလေးကို တစ်ခါတည်း ဖြစ်ပြီး ပျက်တယ် လို့ ရှုလိုက်စမ်းပါလားကွတဲ့. . . (မှန်လှပါဘုရား)။

## မြင်ရုပ်ဖြစ်ပြီးပျက်တယ်

မျက်လုံးကလေးနဲ့ အဆင်းကြည့်နေတဲ့အခါကျတော့ အဆင်းမကြည့်ချင်နေပါကွာတဲ့၊ မြင်ရုပ်ကလေးသည် ကားလို့ဆိုရင် **"စက္ခုံ အနိစ္စတော ပဿတိ"** ဟုတ်ပြီလား. . . အဲဒီ စက္ခုပသာဒရုပ်ကလေးကို ဒါလေးဟာ ဖြစ်ပြီးပျက်တာပဲလို့ ဒကာဒကာမတွေ ရှုပေးလိုက်လို့ရှိရင် ခင်ဗျားတို့သည် ကားလို့ဆိုရင် **"ဈာယထ ဘိက္ခဝေ မာပမာ ဒတ္ထ"** ထဲ ဝင်သွားတယ်. . . (မှန်ပါဘုရား)။ **ဘိက္ခဝေ** - ရဟန်းတို့၊ **ဈာယထ** - ဝိပဿနာရှုကြကုန်လော့၊ **မာပမာဒတ္ထ**၊ မမေ့မလျော့ဘဲနဲ့ နေလိုက်ပါတော့၊ မမေ့ဘဲနဲ့ ရှုလိုက်စမ်းပါဆိုတော့ မျက်လုံးကလေးနဲ့ အဆင်းကြည့်လိုက်တယ်ဆိုရင်ဖြင့် ဒကာ ဒကာမတို့ ကိုယ့်မျက်လုံးထဲက ရုပ်ကလေးသည် ကားလို့ဆိုရင် ဩော်. . . မြင်ပြီး ပျက်တာပဲလို့ ရှုလိုက်ရင်ကော မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

မြင်ပြီးပျက်တာပဲလို့ ရှုလိုက်တဲ့အခါကျတော့ မျက်လုံးလေးသည် ကားလို့ဆိုရင်ဖြင့် အနိစ္စတရား. . . (မှန်ပါဘုရား)။

## ရှုတဲ့ဉာဏ်က မဂ္ဂသစ္စာ

ရှုတဲ့ဉာဏ်ကလေးသည် ကားလို့ဆိုရင် အနိစ္စမြင်တဲ့ ဉာဏ်ကလေးမဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒါကြောင့် မျက်လုံးလေးသည် ကားလို့ဆိုရင်ဖြင့် ဖြစ်ပြီးပျက်တဲ့ဒုက္ခသစ္စာလေးပါလားလို့ ရှုလိုက်ပါလား၊ ဟုတ်ပြီလား၊ အဲဒီရှုတဲ့ဉာဏ်ကလေးက မဂ္ဂသစ္စာပါလားလို့ မဖြစ်ပေဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

## ဖြစ်ပြီးပျက်တာဒုက္ခသစ္စာ

အဲဒီကဲ့သို့ ဖြစ်သွားတဲ့အခါကျတော့ ဩော်. . . မိမိသန္တာန် မျက်လုံးလေးသည် ကားလို့ဆိုရင် ဖြစ်ပြီးပျက်တဲ့ အနိစ္စ ဒုက္ခသစ္စာပါလား၊ မမြဲတဲ့ ဒုက္ခသစ္စာပါလားဆိုတဲ့ ဉာဏ်ကလေး မင်းတို့ ရလာမှာပေါ့ကွတဲ့. . . (မှန်ပါဘုရား)။

အဲဒီဉာဏ်ကလေးရလာတော့ ဒီဉာဏ်ကလေးဟာ အလိုလိုတော့ မရဘူးကွတဲ့၊ ခုနက မြင်ရုပ်ကလေးရှုမှပဲရတယ် . . . (မှန်လှပါဘုရား)။

ဒကာ ဒကာမတို့ ဒီအတိုင်းနေလို့တော့ ရရဲ့လား. . . (မရပါဘူးဘုရား)။ မြင်ရုပ်ကလေးရှုလိုက်တဲ့ အခါကျတော့. . . (ရပါတယ်ဘုရား)။ မြင်ရုပ်ကလေးရှုလိုက်တဲ့ အခါကျတော့ ရတယ်။

အဲဒီလို ရတဲ့အခါကျတော့ကွာတဲ့ မင်းတို့ ဩော် . . . မျက်လုံးရုပ်ကလေး မင်းသန္တာန် မျက်ခွံလွှာအောက် သန်းဦးခေါင်းပမာဏခန့်ရှိတဲ့ ရုပ်ကလေးဟာလည်း၊ အကြည့်ရုပ်ကလေးဟာလည်း၊ အင်းမြင်ပြီးပျက်တာပဲဆိုတော့ အနိစ္စတရားလေးပါလား၊ ပျက်စီးသွားလို့ ဒုက္ခရောက်တဲ့ ဒုက္ခသစ္စာတရားလေးပါလားလို့၊ မင်းတို့ရှုပေးလိုက်စမ်းပါကွာတဲ့. . . (မှန်လှပါဘုရား)။

## နိဗ္ဗာန်နဲ့လျောက်ပတ်တဲ့တရား

အဲဒါ နိဗ္ဗာန်နဲ့ လျောက်ပတ်တဲ့တရားကွတဲ့. . . (မှန်လှပါဘုရား)။ ဒကာ ဒကာမတို့ ဘာနဲ့လျောက်ပတ်တဲ့ တရားလဲ . . . (နိဗ္ဗာန်နဲ့ လျောက်ပတ်တဲ့ တရားပါဘုရား)။

နိဗ္ဗာန်နဲ့ လျောက်ပတ်တဲ့တရား၊ ဟုတ်တာပေါ့ကွာတဲ့၊ နိဗ္ဗာန်နဲ့ လျောက်ပတ်လိုက်တာမှကွတဲ့၊ ကြည့်ပေးလိုက်တဲ့အခါကျတော့ ဉာဏ်ကလေးမပေါ်ဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

အဲ့ဒီဉာဏ်ကလေးဟာ မဂ်ဉာဏ်ကလေးဖြစ်သော ကြောင့် ကိလေသာကော မသေဘူးလားဗျာ. . . (သေပါတယ် ဘုရား)။ ကိလေသာ သေသောကြောင့် ဘုရားသခင် ကိုယ်တော် မြတ်ကြီးက"နိဗ္ဗာန သပ္ပါယံ ဝေါ ဘိက္ခဝေ" ဒေသေဿာမိ၊ ဘိက္ခဝေ - ငါ့ချစ်သားတပည့်များတို့၊ နိဗ္ဗာနသပ္ပါယံ - နိဗ္ဗာန်နဲ့ လျောက်ပတ်သော၊ ပဋိပဒံ အကျင့်ကို ဒေသေဿာမိ"၊ ငါပြောမယ်ဆိုတော့၊ ဒါ နိဗ္ဗာန်နဲ့ သေသေ ချာချာ လျော်တဲ့ အကျင့်ကွတဲ့ ဒီဥစ္စာ. . . (မှန်လှပါဘုရား)။

မလျော်ဘူးလားဆိုတော့ မဂ်ဉာဏ်ပေါ်လာတာပဲ. . . (မှန်လှပါဘုရား)။ မဂ်ဉာဏ်ပေါ်လာတော့ ဒီမဂ်ဉာဏ်သည် နိဗ္ဗာန်မှ တစ်ပါး အခြားသွားစရာ လမ်းရှိသေးရဲ့လား . . . (မရှိ ပါဘူးဘုရား)။

## နိဗ္ဗာန်နဲ့လျော်တဲ့တရားကောင်း

အဲ့ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်း၊ နိဗ္ဗာနဲ့လျော်တဲ့ တရားကောင်းဆိုတာ ပေါ်လာပြီလား. . . (ပေါ်လာပါပြီ ဘုရား)။

ဒါဖြင့် ရှုကြည့်တဲ့ ပုဂ္ဂိုလ်ကျလာတော့ ဒကာ ဒကာမတို့ ကိလေသာကော မသေဘူးလား. . . (သေပါတယ်ဘုရား)။

နိဗ္ဗာန်နဲ့ လျှောက်ပတ်တဲ့ အကြောင်းဆိုတာ မဂ္ဂင်ကော ခန္ဓာကိုယ်ထဲရောက်မလာဘူးလား. . . (ရောက်လာပါတယ်ဘုရား)။

ဒေအး. . . အရင်တုန်းကတော့ ခင်ဗျားတို့ ဆရာတဲ့ ကိလေသာ ရောက်လာလို့ အပါယ်သွားခဲ့ကြရတာ. . . (မှန်ပါဘုရား)။

အခု - မဂ္ဂင်ဆိုတဲ့ တရားရောက်လာတော့ နိဗ္ဗာန်သွားကြရတယ်. . . (မှန်ပါဘုရား)။

အဲ့ဒါကြောင့် "နိဗ္ဗာန သံဝတ္တနိကံ" ဆိုတဲ့ တရားဟာ ဒီတရားသည် မဂ္ဂင်ပေါ်အောင် လုပ်တဲ့တရား ရှုနေတုန်း ဉာဏ်ဝင်လာတာဆိုတာဟတဲ့. . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

## မင်းတို့မြင်တဲ့အဆင်းကလေး

အဲ့ဒါလေး မရှုမိလို့ရှိရင်လည်း ရှိပါစေတော့ကွာတဲ့၊ ရှုနိုင်ရင်လည်း အင်မတန်ကောင်း. . . (မှန်လှပါဘုရား)။ သို့သော် မင်းတို့ ဒါက အတွင်းကို မကြည့်နိုင်လို့ရှိရင်လည်း မင်းတို့ မြင်တဲ့အဆင်းလေးဟာလည်း တော်တော်ကြာ ဖြူလိုက်၊ တော်တော်ကြာ ညိုလိုက်၊ တော်တော်ကြာ မည်းလိုက်နဲ့ ဒီအဆင်းရုပ်ကလေးဟာလည်း ဖြစ်ပြီး ပျက်တာပဲလို့ အဲဒီဘက် ပြောင်းရှုလည်း ရပါသေးတယ်ကွတဲ့. . . (မှန်လှပါဘုရား)။

မရဘူးလား ဒကာ ဒကာမတို့ . . . (ရပါတယ်ဘုရား)။ ကိုင်း "ရူပံအနိစ္စံ့ ပဿတိ" ဘိက္ခဝေ - ငါ၏ချစ်သားတပည့်များ တို့ ရူပံ - မင်းတို့မြင်တဲ့ အဆင်းရုပ်ကို **အနိစ္စံ့** - ဖြစ်ပြီး ပျက်တယ် လို၊ **ပဿတိ**-ရှုလိုက်စမ်းပါကွတဲ့။

## ဖြစ်ပြီးပျက်တော့ဒုက္ခရောက်တယ်

ဒကာ ဒကာမတို့ အဆင်းရုပ်ကလေးကြည့်လိုက်တယ်၊ အဆင်းရုပ်ကလေးဟာ ဖြစ်ပြီး မပျက်ဘူးလား. . . (ပျက်ပါတယ် ဘုရား)။ ပျက်ရင်သူဒုက္ခရောက်တာပဲ. . . (မှန်လှပါဘုရား)။

အဲ့ဒါလေးကို ခင်ဗျားတို့က ဒုက္ခရောက်တာပဲလို့ သိလို့ မဂ္ဂင်လေးမလာဘူးလား. . . (လာပါတယ်ဘုရား)။ အဲ့ဒီကဲသို့ လာပြန်တော့လည်း ဒီအဆင်းရုပ်ကလေးကို ရှုလိုက်မယ်ဆိုပြီး ရှုလိုက်ပြန်တော့လည်း **"နိဗ္ဗာနသပ္ပါယံ"** နိဗ္ဗာန်နဲ့ လျှောက်ပတ် တဲ့ မဂ္ဂင်ပေါ်ပြန်တာပဲကွတဲ့. . . (မှန်ပါဘုရား)။

မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။ ဒါနိဗ္ဗာန် လျှောက်ပတ်ပုံဘယ်နှစ်မျိုးရပြီလဲ. . . (နှစ်မျိုးရပါပြီဘုရား)။ မျက် လုံးအကြည်ရုပ် ရှုရင်လည်းရတာပဲ၊ အဆင်းရုပ် ရှုရင်ကော. . . (ရပါတယ်ဘုရား)။

တပည့်တော်တို့ အဲ့ဒါက ဝေးလှတယ်ဘုရားဆိုတော့ ဒကာ ဒကာမတို့ **"စက္ခု ဝိညာဏံ အနိစ္စံ့ ပဿတိ"** ဒီလိုလည်း ရှုနိုင်သေးပါတယ်ကွတဲ့။

## မြင်စိတ်ကလေးဖြစ်ပြီးပျက်တယ်

မြင်စိတ်ကလေးဟာ မြင်ပြီးပျက်တယ်လို့ ရှုလိုက်စမ်းပါ့လား ဒကာ ဒကာမတို့၊ မြင်စိတ်ကလေးမရဘူးလား. . . (ရပါတယ်ဘုရား)။

မြင်စိတ်ကလေး ပေါ်လာတယ်၊ အဲဒီမြင်တဲ့ ဥပေက္ခာလေးဟာလည်း မြင်ပြီးပျက်တာပဲလို့ ဒကာ ဒကာမတွေရှုပေးလိုက်စမ်းပါ၊ ဟုတ်ပြီလား၊ အဲဒီကဲသို့ မြင်ပြီး ပျက်တာပဲလို့ ရှုပေးလိုက်လို့ရှိရင်ဖြင့် သူက ဒုက္ခသစ္စာဖြစ်သွားတယ်. . . (မှန်လှပါဘုရား)။

ရှုတဲ့ဉာဏ်က မဂ္ဂသစ္စာဖြစ်သွားတော့ ကိလေသာက မသေဘူးလား. . . (သေပါတယ်ဘုရား)။ ဒီမဂ္ဂင်က နိဗ္ဗာန်မှတစ်ပါး တခြားဘယ်ကို လျှောက်ပတ်တဲ့အကြောင်းနဲ့ ပို့စရာရှိသေးသတုံး. . . (မရှိပါဘူးဘုရား)။

ဒါကြောင့် **"နိဗ္ဗာန သပ္ပါသံ"** တဲ့ နိဗ္ဗာန်နဲ့ လျှောက်ပတ်တဲ့အကြောင်း မဂ္ဂင်တစ်ခါတည်း မင်းတို့သန္တာန်ရောက်လာတယ်တဲ့ . . . (မှန်ပါဘုရား)။

အဲဒီတော့ မျက်ရည်ကြီးငယ်ကျ၊ ဇောချွေးတွေပြန်ပြီး သကာလ မသေတဲ့အလုပ်ဆိုတာ ဒီမဂ္ဂင်ပေါ်တဲ့အလုပ်ကွတဲ့ . . . (မှန်လှပါဘုရား)။ ဒကာ ဒကာမတွေ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဘယ်နှစ်မျိုးရှိပြီလဲ. . . (သုံးမျိုးရှိပါပြီဘုရား)။ ကောင်းပြီတဲ့ မင်းတို့သည်ကားလို့ဆိုရင် မျက်လုံးအကြည်ရုပ်ကလေးရှုချင်ရှုကွတဲ့၊ အဆင်းရုပ်ရှုချင် ရှုကွတဲ့၊ မြင်စိတ်ဥပေက္ခာရှုချင်ရင် ရှုကွတဲ့။

ဒါကလေးမှ မရှုဖြစ်ဘူး၊ မင်းတို့ဟာ မေ့လွန်းတယ်၊ တေလွန်းတယ်ဆိုလို့ရှိရင်လည်းတဲ့ ဒီမျက်လုံးအကြည်ထဲမှာ တစ်ခါတည်း အဆင်းနဲ့ဆက်သွယ်ပြီးတော့ "ဖဿ" ကလေး ရှုပါလားကွတဲ့. . . (မှန်လှပါဘုရား)။

## ဖဿရှုရင်၊ ရသေးတယ်

ဒကာ ဒကာမတို့ "ဖဿ" ကလေးရှုရင်ကော မရဘူးလား . . . (ရပါတယ်ဘုရား)။ အဲဒီတော့ **"ဖဿော အနိစ္စတ္တိ ပဿတိ"** ဒီလိုလည်း ရှုလိုက်ရင် ရသေးတယ်ကွတဲ့။

**ဖဿော** - ဖဿကို၊ **အနိစ္စတ္တိ** - အနိစ္စပဲလို့၊ **ပဿတိ** မင်းတို့ ရှုလိုက်သေးတာပေါ့။ ရှုလိုက်တော့ "ဖဿ" သည် ဖြစ်ပြီးပျက်သွားတာပဲဆိုတော့ ရှုတဲ့ဉာဏ်က တစ်ခါတည်း သမ္မာဒိဋ္ဌိ မဂ္ဂင်လမ်း မတော်ကြီးပေါ်မလာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတော့ တဏှာ၊ ဒိဋ္ဌိတွေက မသေလား. . . (သေပါတယ်ဘုရား)။

အဲဒါကြောင့် "နိဗ္ဗာန သပ္ပါယံ"ဆိုတဲ့ မဂ္ဂင်က ပေါ်လာတယ်. . . (မှန်ပါဘုရား)။ နိဗ္ဗာန်နဲ့ လျှောက်ပတ်တဲ့ မဂ္ဂင်အကြောင်းကြီးဟာ ကောင်းကောင်းပေါ်မလာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

အဲဒီလို မင်းတို့ ဒီစိတ်နဲ့ဆိုလို့ရှိရင်တော့ ဘယ်မှာသာလျှင် ဇောချွေးပြန်လို့ မျက်ရည်ကြီးငယ်ကျ သေစရာမရှိပါဘူးကွတဲ့. . . (မှန်လှပါဘုရား)။

## ဒီလိုလုပ်ရင် ဘုရားကစိတ်ချတယ်တဲ့

ဒီလိုလုပ်ရင်တော့ ငါဘုရားစိတ်ချတယ်တဲ့ မင်းတို့ကို. . (မှန်ပါဘုရား)။ နို့မဟုတ်လို့ရှိရင် မင်းတို့အတွက် စိတ်ချစရာတစ်စက်၊ တစ်ကွက်မှမရှိဘူး၊ မှာတော်မူတယ်. . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ရိပ်မိကြပါ၊ ရိပ်မိကြပါ၊ အဲဒီတော့ ဒကာ ဒကာမတို့အခု ဘယ်နှစ်မျိုးရှိပြီတုံး. . . (လေးမျိုးရှိပါပြီဘုရား)။

အဲဒီတော့ လေးမျိုးထဲကပဲ ဒါမရှုမိလို့ရှိရင် မင်းတို့ဟာကွာတဲ့။ မင်းတို့ဉာဏ်ထဲမှာ အင်မတန်ထင်ရှားပါတယ် မြင်လို့ကောင်းတယ် သုခဝေဒနာ ဝမ်းထဲပေါ်ပြီ ဒကာ ဒကာမတို့. . . (မှန်လှပါဘုရား)။

မြင်လို့ကောင်းတာလေး၊ မြင်လို့ရှိရင် သိပ်ပြီး သဘောကျတယ် မြင်လိုက်ရတာ။ ဘာဝေဒနာပေါ်သတုံး. . . (သုခဝေဒနာပါဘုရား)။

ဟဒယဝတ္ထုအပေါ်မှာ သုခဝေဒနာမပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။ ကျုပ်မြင်ရတာစိတ်ကိုပျက်သွားတာပဲ ဘာဝေဒနာပေါ်သတုံး. . . (ဒုက္ခဝေဒနာပေါ်ပါတယ်ဘုရား)။ ကျုပ်သားလေး၊ ကျုပ်သမီးလေး နေမကောင်းတော့ မြင်ရတာဘယ့်နှယ်နေရသလဲ. . . (စိတ်ပျက်ပါတယ်ဘုရား)။

## ဝေဒနာတစ်ခုခုတော့ပေါ်ရမယ်

စိတ်ပျက်တယ်၊ စိတ်ပျက်တော့ ဘာဝေဒနာပေါ်သတုံး . . . (ဒုက္ခဝေဒနာပေါ်ပါတယ်ဘုရား)။ ဒုက္ခဝေဒနာပေါ်တယ်၊ မြင်လို့စိတ်ပျက်တယ်၊ မြင်လေစိတ်ဆင်းရဲလေ. . . (မှန်ပါဘုရား)။ အဲဒီကျတော့ ဘာဝေဒနာပေါ်သတုံး. . . (ဒုက္ခဝေဒနာပေါ်ပါတယ်ဘုရား)။

နည်းနည်းလေး လန်းလန်းဆန်းဆန်းကလေးဖြစ်လာတော့ မြင်ရတာဘယ်နှယ့်ဖြစ်သတုံး. . . (သုခဝေဒနာပေါ်ပါတယ်ဘုရား)။ အေး သုခဝေဒနာပေါ်လာတယ်ကွတဲ့။

တစ်ခါတလေကျလို့ရှိရင်ဖြင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာလွတ်ပြီးမြင်ကာမျှမတ္တ ဥပေက္ခာဝေဒနာလေးကော မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

အဲဒါဝမ်းထဲမင်းတို့ ဝေဒနာသုံးမျိုးတစ်ခုခုတော့ ပေါ်ရမယ်ကွတဲ့. . . (မှန်လှပါဘုရား)။ မပေါ်ပေဘူးလား. . . (ပေါ်ပါတယ်ဘုရား)။ အဲဒီဝေဒနာသုံးမျိုး တစ်ခုခုကို မင်းတို့ရှုနိုင်တယ်တဲ့။

**"စက္ခုသမ္ဖဿော" စက္ခုသမ္ဖဿကြောင့် သုခံဝါ၊ ဒုက္ခံဝါ၊ ဥပေက္ခံဝါ၊ သုခံဝါ အနိစ္စန္တိပဿတိ။**

## ဝေဒနာလေးရှုပေးလိုက်စမ်းပါ

**သုခံဝါ** - ဝမ်းသာတဲ့ သုခဝေဒနာလေးကို၊ **အနိစ္စံ**-အနိစ္စလို့၊ **ပဿတိ** - မင်းတို့ရှုလိုက်စမ်းပါ့လား၊ ဝေဒနာလေး ရှုပေးလိုက်စမ်းပါ့လားကွတဲ့။

အဲဒီကဲ့သို့ ရှုပေးလိုက်တဲ့အခါ ဒီဝေဒနာလေးဟာ ဖြစ်ပြီးပျက်သွားတာလေး မင်းတို့မြင်မှာပေါ့ကွာ၊ ကိုယ့်ဟာကိုယ်ဝမ်းသာပါတယ်တဲ့၊ ဝမ်းသာလုံးမရှိဘူးဆိုတာ ကိုယ်ဟာကိုယ်ပြန်တွေးရင် မသိဘူးလား. . . (သိပါတယ်ဘုရား)။

အဲဒီ ဝမ်းသာလည်းမရှိတော့ဘူး၊ ဒုက္ခရောက်တာပဲရှိတော့တယ်၊ ဒီလိုမဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ဒီဥစ္စာ ဒုက္ခသစ္စာမဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။ အေး. . . ဒီဝေဒနာလေးလည်း မင်းတို့ ဒုက္ခဖြစ်လာတယ်၊ ကိလေသာကော လာသေးသလား. . . (မလာပါဘူးဘုရား)။

ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာချုပ်သွားပြီး . . . (မှန်ပါဘုရား)။

အဲဒီကဲ့သို့ တဏှာချုပ်သွားတော့ ဒကာ ဒကာမတို့ ခုနက မျက်ရည်ကြီးငယ်ကျရတယ်ဆိုတာ ဒီတဏှာတွေမချုပ်လို့ . . . (မှန်လှပါဘုရား)။ ဟုတ်ဖူးလား၊ ဇောချွေးတွေကျရတယ် ဆိုတာ ဒီတဏှာတွေမချုပ်လို့. . . (မှန်လှပါဘုရား)။

## မဲ့သေအလုပ်ဖြင့်လွတ်ပြီပော့

ခု-ဒီတဏှာတွေရှိသေးသလား. . . (မရှိပါဘူးဘုရား)။ မရှိတော့ ကျုပ်တို့သည်ကားလို့ဆိုရင်ဖြင့် မဲ့သေအလုပ်ဖြင့် လွတ်ပြီပော့. . . (မှန်ပါဘုရား)။

ဒီအလုပ်လုပ်မှပဲ. . . (မှန်လှပါဘုရား)၊ နို့မဟုတ်လို့ရှိရင် ဇောချွေးပြန်ပြီး မဲ့သေရတာ ဘယ်လောက်ရှက်စရာကောင်းသလဲ. . . (ကောင်းပါတယ်ဘုရား)။ အင်မတန်ရှက်စရာကောင်းတယ်။

## သေခါနီးမှာလူမမာမေးများများလာတယ်

လူမမာမေးတွေကလည်း သေခါနီးကျတော့ များများလာတယ်၊ ဒီကြားထဲ ဇောချွေးတွေက ပြန်ပြီး မဲ့သေလိုက်ရတယ် ဆိုတော့ သွားရှာပြီ. . . (မှန်လှပါဘုရား)။ အမိုက်ကြီး မိုက်လို့

သွားရှာပြီဆိုတာ ပညာရှိမှန်ရင် မသိပေဘူးလား. . . (သိပါတယ် ဘုရား)။

အဲဒါ သူတို့ ကိုယ့်ဟာကိုယ် အရှက်ခွဲသွားတဲ့ဥစ္စာ ကိုယ့်အမူအရာကိုယ် မြင်နိုင်သေးရဲ့လား. . . (မမြင်နိုင်ပါဘူး ဘုရား)။

အဲဒီအခြေအနေရောက်မှာ ဘုရားကသိပ်စိုးရိမ်တယ် . . . (မှန်လှပါဘုရား)။ မစိုးရိမ်သင့်ဘူးလား. . . (စိုးရိမ်သင့်ပါ တယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ခုကနေပြီး ဟန်လေးဘာလေး လုပ်နေလို့မဖြစ်ဘူး. . . (မဖြစ်ပါဘူးဘုရား)။

ဝေဒနာ နုပဿနာ ဆရာဘုန်းကြီးက ဟောထားတာ . . . ဝေဒနာနုပဿနာရှုနေပါ့လား. . . (မှန်လှပါဘုရား)။ ဝေဒနာရှုနေပါ ဒကာ ဒကာမတို့။

**"တိက္ခံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ"** လာပြီ ဒကာ ဒကာမတို့။ ဝမ်းသာလုံးကလေး ကိုယ့်သား ကိုယ့်သမီး ကလေးကြည့်ရတာ ဝမ်းသာတယ် ဘာဝေဒနာတုံး. . . (သုခ ဝေဒနာပါဘုရား)။

**ဝေဒနာသုံးပါး၊ မိအောင်ရှုပေး**

သားကလေးတွေ၊ သမီးကလေးတွေကြည့်ရတာ စိတ်

မချမ်းသာဘူး. . . (ဒုက္ခဝေဒနာပါဘုရား)။ အေး. . . ဒုက္ခဝေဒနာ။

တစ်ခါတလေကျတော့ ဥပေက္ခာဝေဒနာလေးကော မလာဘူးလား. . . (လာပါတယ်ဘုရား)။

အဲဒီလာတော့ ဝေဒနာသုံးပါး တစ်ခုခုတော့ဖြင့် ကိုင်း- ဦးသာဒင်ရေ မိအောင်ရှုပေး. . . (မှန်လှပါဘုရား)။ ရှုတတ်ကြပြီလား. . . (ရှုတတ်ပါပြီဘုရား)။

အဲဒီကဲ့သို့ မိအောင်ရှုပေးလိုက်တဲ့အခါကျတော့ ဝမ်းထဲစိတ်ဆင်းရဲတဲ့ ဒုက္ခဝေဒနာရှု ဝမ်းသာတဲ့ သုခဝေဒနာရှု ဝမ်းသာဝမ်းနည်းကင်းတဲ့ ဥပေက္ခာဝေဒနာရှု။

ကိုယ်ပေါ် သုခ ဒုက္ခဝေဒနာရှု. . . (မှန်ပါ)။ မျက်လုံးတို့ နားတို့၊ နှာခေါင်းတို့၊ လျှာတို့ ဥပေက္ခာဝေဒနာရှုဆိုတာ ဆရာဘုန်းကြီးက ဒါ ဒွါရမှန်နဲ့ အသေမှန်သင်ထားတာ. . . (မှန်လှပါဘုရား)။

ဟုတ်ပြီးလား။ ဒီနေရာမှတပါး အခြားနေရာဝေဒနာကင်းတယ်လို့မှတ်ပါ. . . (မှန်ပါဘုရား)။

ဝေဒနာကင်းတဲ့နေရာ ဒကာ ဒကာမတွေက သိပြီးသားဖြစ်နေတော့ အင်း- တို့ရှုတတ်ပြီ၊ ရှုတတ်ပြီ။ ဒီနေရာမှာသူတို့ဖြစ်၊ ဒီနေရာမှာသူတို့ သေတဲ့နေရာပဲ. . . (မှန်လှပါဘုရား)။ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ဆိုနိုင်တော့ ဒကာ ဒကာမတွေသည် ဝေဒနာ သုံးမျိုးတစ်ခုခုပေါ်လာရင် မင်းတို့ ရှုပေးကြွာတဲ့။ မရှုလို့ရှိရင် မင်းတို့မဖြစ်ဘူး. . . (မှန်လှပါဘုရား)။

## ငိုမဲ့ပြီးသွားရတဲ့လမ်း မရောက်တော့ဘူး

ရှုလိုက်တဲ့အခါကျလို့ရှိရင် မဂ္ဂင်လမ်းမတော်ပေါ် ရောက်သွားတယ်ကွ. . . (မှန်လှပါဘုရား)။

မိစ္ဆာဒိဋ္ဌိလမ်းမတော်ကြီးဆိုတဲ့ ခုနက ငိုသွား၊ မဲ့သွား၊ ငိုမဲ့ပြီးသွားရတဲ့လမ်း မရောက်တော့ဘူးကွတဲ့. . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား။

ပြုံးရွှင်ပြီးသွားရမယ့်လမ်း တက်မိပြီ၊ ရောက်ပြီ. . . (မှန်လှပါဘုရား)။ ကိုယ်ပိုင်လမ်းရပြီ၊ မဟောဘူးလား. . . (ဟောပါတယ်ဘုရား)။

အဲ့ဒါကြောင့် ဒကာ ဒကာမတို့ နေ့တိုင်းပြောနေတဲ့ တရားသည်ကားဆိုလို့ရှိရင် လမ်းလွှဲပေးနေတာပဲ. . . (မှန်လှပါဘုရား)။

## မဲ့သေမှပြုံးသေလမ်းကိုပြောင်းပါ

မဲ့သေမှ ပြုံးသေ. . . (မှန်ပါဘုရား)။ မဲ့သေမှ ပြုံးသေလမ်းကိုလွှဲ၊ ပြုံးသေဆိုတဲ့လမ်းကို ခင်ဗျားတို့ ခုလိုက်ပါ. . . (မှန်လှပါဘုရား)။

သေခါနီးမှ လိုက်လို့မရဘူးလို့လည်း ဘုရားက မှာပြန်တယ်. . . (မှန်လှပါဘုရား)။

"ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ" ကိုး ဘိက္ခဝေ-ရဟန်းတို့၊ ဈာယထ - ယှုလိုရှင်စဉ်က၊ မာပမာဒတ္ထ - မေ့လျော့၍မနေလိုက်နဲ့ ကြပ်ကြပ်ရှုပေး. . . (မှန်လှပါ) ဈာယထက ရှုပေးပါတဲ့။

## ဝေဒနာပိုင်ရင် အကုန်ပိုင်ပါတယ်

ဝေဒနာကို ကြပ်ကြပ်ရှုပေးပါတဲ့ ဒကာ ဒကာမတို့. . . (မှန်လှပါဘုရား)။ ဝေဒနာတစ်လုံးပိုင်ရင် အကုန်ပိုင်ပါတယ်. . . (မှန်လှပါဘုရား)။

အဲဒီတော့ ဘုရားက ရှုနည်းငါးမျိုးကို ယနေ့ ဟောပြတယ်. . . (မှန်လှပါဘုရား)။

မျက်လုံးအကြည်ရုပ် ရှုချင်ရင် ရှုကွတဲ့၊
အဆင်းရှုချင်ရင် ရှုကွတဲ့၊
မြင်စိတ်ကလေး ရှုချင်ရင်ရှု၊
ဖဿကလေး ရှုချင်ရင်ရှု၊
ဝေဒနာသုံးမျိုးထဲက ကြိုက်ရာရှုတဲ့။

ငါက အကုန်ရှုရမယ်လို့ မဆိုပါဘူး၊ မင်းတို့ ဉာဏ်ထဲပိုင်တာ၊ ဆိုင်တာ ရှုလိုက်လို့ရှိရင်ဖြင့် မင်းတို့လိုချင်တဲ့ကိစ္စ၊ လိုရာပြီးမှာပေါ့ကွာတဲ့. . . (မှန်လှပါဘုရား)။

## ဝေဒနာနုပဿနာ ဖိပြီးအားထုတ်

ကဲ. . . ဒကာ ဒကာမတို့ ဒါကြောင့် လိုရာပြီးတဲ့ကိစ္စ သည် ခင်ဗျားတို့ ဝေဒနာနုပဿနာ တစ်ခုတည်း ဖိပြီးအားထုတ် . . . (မှန်လှပါဘုရား)။

ဒါ စကားမို့သာ ပြောနေရတာတဲ့၊ တရားဆိုတာကတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါးမျိုးဟောတော့ ငါးမျိုးပြော ရတယ်. . . (မှန်လှပါဘုရား)။

သို့သော် သတိပဋ္ဌာန်ပါဠိတော်ကြီးမှာ ဒီဘုရားဒေသနာ နဲ့ ကိုယ်တော်မြတ်ဟောတော့ ဝေဒနာနုပဿနာလည်း သူ လည်း နိဗ္ဗာန်ပေါက်ဟောထားတာပဲ. . . (မှန်လှပါဘုရား)။ ရှင်း ပြီးလား. . . (ရှင်းပါပြီဘုရား)။

အဲ့ဒါ ဒကာ ဒကာမတို့ ယှုအခါစဉ်းစားကြည့်စမ်းပါ့လား ခင်ဗျားတရားပွဲသိမ်းတဲ့အခါကျတော့ ခန္ဓာကိုယ်ကြီးကလည်း ဒုက္ခဝေဒနာတွေက ဗလဗွေကြီး. . . (မှန်လှပါဘုရား)။

အိုက်လိုက်တာကလည်း ဗလဗွေကြီး၊ ဒါဘာခန္ဓာကြီးလဲ ဆိုရင် ဘယ်နှယ့်ဆိုမတုံး. . . (ဒုက္ခခန္ဓာကြီးပါဘုရား)။ ဒုက္ခ ဝေဒနာက္ခန္ဓာ. . . (မှန်လှပါဘုရား)။

ဒကာ ဒကာမတို့ ဘာခန္ဓာတုံး. . . (ဒုက္ခဝေဒနာက္ခန္ဓာပါ ဘုရား)။ အံမလေး. . . လူ့ပြည်မှာ ကောင်းသတဲ့ဗျား၊ လူ့ပြည်မှာ ဒီဝေဒနာက္ခန္ဓာပေါ်နေပြီ. . . (မှန်လှပါဘုရား)။

လှူပြည်မှာ ဘာဝေဒနာကွန္ဒာပေါ် နေပြီတုံး. . . (ဒုက္ခဝေဒနာကွန္ဒာပေါ် နေပါပြီဘုရား)။ ဒုက္ခက-ဆင်းရဲတာ၊ ဝေဒနာက - ခံစားတာ၊ ဆင်းရဲတာ ခံစားနေရတာ၊ ဒါလှူပြည်တဲ့. . . (မှန်လှပါဘုရား)။

ဒုက္ခကဘာတုံး. . . (ဆင်းရဲတာပါဘုံရား)။ ဝေဒနာက. . . (ခံစားတာပါဘုရား)။ ဒါဖြင့် သူ့ဘာဖြစ်နေကြသတုံး. . . (ဆင်းရဲတာခံစားနေရပါတယ်ဘုရား)။ ဆင်းရဲတာ ခံစားနေရတယ် ဒကာ ဒကာမတို့။ ဆင်းရဲတာ ခံစားနေရတယ်ဆိုတာ ရိုပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဘယ်နေရာက ဆင်းရဲတာ မခံစားတဲ့နေရာများပါသေးသလား. . . (မပါပါဘူး ဘုရား)။ တစ်ကိုယ်လုံးကို ဒုက္ခတွေအပြည့်အနက်နဲ့. . . (မှန်ပါဘုရား)။

အဲဒီဝေဒနာတွေကို ဒကာ ဒကာမတွေက ထလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဒီဝေဒနာတွေဟာ ပျောက်သွားတယ်၊ ပျောက်သွားတဲ့အခါ တစ်ကိုယ်လုံးပျောက်တာပဲ. . . (မှန်လှပါဘုရား)။

## ဝေဒနာဖြစ်ပြီးပျက်တယ်

မခံသာအောင် နေရတယ်၊ ဒါအနိစ္စလားလို့မေးလိုက်တယ်၊ ဝေဒနာတွေ့တုန်းပဲ၊ နဂိုတုန်းက တစ်ကိုယ်လုံး

ဝေဒနာက္ခန္ဓာတွေ ထလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဒီဝေဒနာ ဒုက္ခ ဝေဒနာက္ခန္ဓာမရှိ. . . (မရှိပါဘုရား)။

ဖြစ်ပြီး ပျက်တယ်ဆိုတာ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနာအနိစ္စာ **ဝေဒနာ အနိစ္စန္တိ ပဿတိ၊ ဝေဒနာ** -ဝေဒနာသည်၊ အနိစ္စန္တိ - တစ်ကိုယ်လုံးဖြစ်ပြီးပျက်၍ **ပဿတိ** -ရှုပေးကွ၊ ဟုတ်ပြီလား။

## ရှုတဲ့ဉာဏ်က မဂ္ဂသစ္စာ

အဲဒီကဲ့သို့ ဝေဒနာရှုပေးလိုက်တဲ့အခါကျတော့ ဒကာဒကာမတို့ ဒီဝေဒနာလေးက ဒုက္ခသစ္စာဖြစ်၍ ရှုတဲ့ဉာဏ်ကလေးက မဂ္ဂသစ္စာဖြစ်၏။ ဒီလောက်တောင်မခိုင်တာ ထိုင်နေတုန်းက ဒုက္ခဝေဒနာဖြစ်၍ ထတဲ့အခါကျတော့ နောက်တစ်ခုမပါလား။

## သမုဒယသစ္စာသေနေပြီ

ဒီလောက်မပိုင်တဲ့၊ ဒီလောက်အစိုးမရတဲ့ ဒုက္ခရောက်မှုကြီးကို နောက်ထပ်တွေ့ချင်သေးရဲ့လား. . . (မတွေ့ချင်ပါဘူးဘုရား)။

မတွေ့ချင်တာက သမုဒယသစ္စာ သေနေပြီ. . . မသေသေးဘူးလား. . . (သေပါတယ်ဘုရား)။

## သေခါနီး ငရဲမီးတွေပြဦးမှာလား

သူသေတော့ ခင်ဗျားတို့ သေခါနီးလာပြီး စီမံဦးမှာလား . . . (မစီမံပါဘုရား)။ ငရဲထိမ်းတွေ၊ ငရဲမီးတွေများပြဦးမှာလား . . . (မပြပါဘုရား)။

သူရှိရင် လာပြလိမ့်မယ်၊ ဆရာလုပ်ပြီး စီမံလိမ့်မယ့်. . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ သမုဒယသေဖို့ရာ အရေးမကြီးဘူးလား. . . (ကြီးပါတယ်ဘုရား)။ အဲဒီတော့ သေခါနီးမှာ ကျုပ်တို့ ရှုပြီးနေတဲ့ ပုဂ္ဂိုလ်တွေကျတော့ ကျုပ်တို့ အရှုဉာဏ်နဲ့ ကျုပ်တို့သေမှာပဲ. . . (မှန်လှပါဘုရား)။ ဒီပြင် ဘာရှိသေးသတုံး. . . (ဘာမှမရှိပါဘုရား)။

## ရှုတဲ့ဉာဏ်နဲ့သေတော့ ခပ်ပြုံးပြုံးပေါ့ဗျာ

သေခါနီးတော့ ဒုက္ခဝေဒနာပေါ်လိမ့်မယ်။ ပေါ်ပြန်လို့ရှိရင် ဖြစ်ပျက်ရှုပြီးသေတော့၊ ရှုတဲ့ဉာဏ်နဲ့သေတော့ ခပ်ပြုံးပြုံးပေါ့ဗျာ. . . (မှန်လှပါဘုရား)။

ခပ်ပြုံးပြုံးသေတော့ သမသီသိ - ရဟန္တာဆိုတာ သေခါနီးလည်း ဖြစ်နိုင်တယ်. . . (မှန်လှပါဘုရား)။ ယခုကလည်း ဖြစ်နိုင်တာပဲ. . . (မှန်လှပါဘုရား)။

သေခါနီးမှလည်း ဖြစ်နိုင်ပါတယ်ဆိုတော့ အကောင်းချည်းပဲ. . . အဲဒီတော့ ဘုရားစိုးရိမ်တော်မူတဲ့အတိုင်း ကျုပ်တို့က အင်း- တို့လိုက်နာတဲ့ ပုဂ္ဂိုလ်ထဲအပါအဝင်မဖြစ်သေးဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

## အသေဆိုးရှိသေးရဲ့လား

အသေဆိုးရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။ အသေဆိုး၊ အနေဆိုး မရှိတော့ဘူး ဒကာ ဒကာမတို့. . . (မှန်လှပါဘုရား)။ အနေကောင်း၊ အသေကောင်းဘက်ကို ကိစ္စမလှည့်နိုင်ဘူးလား. . . (လှည့်နိုင်ပါတယ်ဘုရား)။

အဲဒီကျတော့ **"နိဗ္ဗာနသပ္ပါယံ ဝေါ ဘိက္ခဝေ"** မင်းတို့နိဗ္ဗာန်နဲ့ လျှောက်ပတ်သွားတဲ့ အလုပ်ကို လုပ်လို့ မင်းတို့ အနေကောင်း၊ အသေကောင်းဖြစ်တာ. . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ကဲ. . . ဒီတွင် တော်ကြဦးစို့. . .
သာဓု. . . သာဓု. . . သာဓု. . . ။